မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၆ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၄၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဇွန် ၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum on East Asia)သို့ တက်ရောက်ရန် ယနေ့နံနက် ၁၀နာရီတွင် အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ ခေတ္တသံရုံးယာယီတာဝန်ခံ Mr. Vu Van Minh တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပမည့် အရှေ့အာရှ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၆ ရက်)

သဘာဝပတ်ဝန်းကျင်ကောင်းများ ဝိုင်းဝန်းထိန်းသိမ်း တိုင်းရင်းသားပြည်သူများ လက်တွဲပါဝင်ဖော်ဆောင်

လူသားတို့အကျိုးပြုလုပ်ငန်းများတွင် နိုးကြွားတက်ကြွစွာဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှု၌ နိုင်ငံတကာနှင့် လက်တွဲပါဝင်လျက်ရှိသည်။

မျက်မှောက်ကာလ ကမ္ဘာ့နေရာအချို့၌ မိုးသည်းထန်စွာရွာသွန်းမှု၊ မုန်တိုင်းများကျရောက်မှု၊ ရေကြီးမှု၊ ရေတိုက်စားမြေပြိုမှု၊ ငလျင်လှုပ်မှု၊ ဆူနာမီစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နေသကဲ့သို့ အခြားတစ်ဖက်၌လည်း မိုးခေါင်မှု၊ အပူချိန်ပြင်းထန်မှု၊ အအေးလွန်ကဲမှုစသော ရာသီဥတုမမျှတမှုများကို ကြုံတွေ့နေကြရသည်။

ယင်းတစ်ချိန်တည်း၌ပင် လေထုညစ်ညမ်းမှု၊ ရေရှားပါးမှု၊ ဝင်ရိုးစွန်းဒေသ ရေခဲပြင်များအရည်ပျော်မှု၊ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၊ ဖန်လုံအိမ်အာနိသင်စသည့် သဘာဝဝန်းကျင်တို့တွင် ယိုယွင်းပျက်စီးမှုအခြေအနေဆိုးများသည် လူသားအားလုံးအတွက် ရှင်သန်နေထိုင်မှုကို ခြိမ်းခြောက်လျက်ရှိသည်။

ယင်းကဲ့သို့သော အခြေအနေဆိုးကိုကျော်လွှားပြီး ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလ၌ အသက်ရှင်ရပ်တည်ရေးအတွက် စွမ်းဆောင်နိုင်စေမည့် ပတ်ဝန်းကျင်ကောင်းများကိုဖန်တီးပေးနိုင်ရန် သဘာဝဝန်းကျင်ထိန်းသိမ်းရေးကို အစီအစဉ်တကျ ဖော်ဆောင်ပေးကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားသဘာဝနယ်မြေများသတ်မှတ်ထူထောင်ခြင်း၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ခြင်း၊ သစ်တောစိုက်ခင်းများထူထောင်ခြင်း၊ မိုးရာသီလူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးခြင်း၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေများ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း အသိစိတ်ဓာတ်ရှိရှိ လက်တွဲပါဝင်ဖော်ဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တနင်္သာရီတိုင်း ကျောင်းအပ်နှံရေးနေ့ ကျင်းပ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ငွေလှူဒါန်း

ရန်ကုန် ဇွန် ၅

တနင်္သာရီတိုင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မြိတ်မြို့ အထက(၁) ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကြိုင်နှင့် တိုင်းပညာရေးမှူး ဦးသန်းဌေးတို့က ကျောင်းအပ်နှံရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း မိသားစု၊ အမှတ်(၁) အခြေခံပညာဦးစီးဌာနနှင့် စေတနာရှင် အလှူရှင်များက ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ စာရေးခုံများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လှူဒါန်းငွေကျပ် ၁၀သိန်းကို တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက ပေးအပ်လှူဒါန်းရာ တိုင်းပညာရေးမှူး ဦးသန်းဌေးက လက်ခံသည်။

အဆိုပါ အခမ်းအနား၌ လှူဒါန်းငွေစုစုပေါင်းမှာ ကျပ် ၆၁၈ ဒသမ ၄၆၈ သိန်း ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးသိန်းဆွေအား တရုတ်ဧည့်သည်အဖွဲ့ တွေ့ဆုံ လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဆွေးနွေး

နေပြည်တော် ဇွန် ၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ဟောင်ကောင်) International Xinshidai Holdings Ltd .မှ Managing Director Mr. Yu Chang Sang နှင့် အဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လေကြောင်းပို့ဆောင်ရေးဆိုင်ရာကဏ္ဍများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

လူတစ်ဦး ကျွန်းတစ်ပင်စိုက်ပျိုးရေး သန်လျင်သစ်တောဦးစီး ရှင်းလင်းဆွေးနွေး

ရန်ကုန် ဇွန် ၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သစ်တောဦးစီးဌာန သုံးခွနယ်မြေတွင် နယ်မြေခံသစ်တောဝန်ထမ်းများက ၂၀၁၀-၂၀၁၁ခုနှစ် မိုးရာသီအတွင်း လူတစ်ဦး ကျွန်းတစ်ပင်စိုက်ပျိုးမည့် ပညာပေးဟောပြောပွဲများကို မေ ၂၈ရက် နံနက်ပိုင်းက ကံမြင့်ကျေးရွာနှင့် သိုက်တူးကန်စံပြကျေးရွာတို့၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ပညာပေးဟောပြောပွဲတွင် သက်ဆိုင်ရာ ကျေးရွာဥက္ကဋ္ဌများက သစ်ပင်စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးစိုးမြင့်သန်းက စိုက်ပျိုးရသည့် ရည်ရွယ်ချက်နှင့် စိုက်ပျိုးခြင်းနည်းစနစ်များကို ရှင်းလင်းဟောပြောခဲ့သည်။

(အောက်ပုံ) (၁၂၄)

Laurel ဓာတ်ပုံကူးဆိုင် ဖွင့်လှစ်ခြင်း (၂)နှစ်ပြည့်အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၅

Laurel ဓာတ်ပုံကူးဆိုင်များဖွင့်လှစ်ခြင်း (၂)နှစ်ပြည့်အခမ်းအနားကို ဇွန် ၃ရက် ညနေ ၆နာရီမှ ည ၉နာရီအထိ ရန်ကုန်မြို့ Trader Hotel (Ballroom) ၌ Loreal Cosmetics & Canon Co.,Ltd. တို့၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့သည်။

ဖွင့်လှစ်ထား

Laurel ဓာတ်ပုံကူးဆိုင်မှ လေးလက်မ x ခြောက်လက်မ ဆိုဒ်အသေးမှသည် ၂၄လက်မ x ၉၆လက်မ ဆိုဒ်အထိ ကူးယူဆောင်ရွက်ပေးနိုင်ကြောင်းနှင့် ဓာတ်ပုံနှင့် ပတ်သက်သော ဝန်ဆောင်မှုအမျိုးမျိုးကို ဆောင်ရွက်ပေးနိုင်ရန် ဆိုင်အမှတ်(၁) အမှတ် ၇၈၉ မဟာဗန္ဓုလလမ်း လမ်းမတော်နှင့် ဆိုင်အမှတ်(၂) အမှတ် ၁၈ ကျားကွက်သစ်လမ်း ကျောက်မြောင်းတွင်လည်းကောင်း၊ မြေနီကုန်း Citymart,Capital Hypermart, Maw Tin Tower တို့၌ ဖွင့်လှစ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မြဝတီရုပ်မြင်သံကြား

၆-၆-၂၀၁၀

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၀ ၄။ ကာတွန်းအစီအစဉ် **အမြွာစုံထောက်** (အပိုင်း-၁၀)
- ၁၁:၂၅ ၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကောင်းကင်ပေါ်ကကျတဲ့မျက်ရည်**
- ၁၂:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၄၁)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄:၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၀။ ဘဝကြေးမုံ **သူငယ်ချင်းနှစ်ယောက်** (အပိုင်း-၁) အကယ်ဒမီခင်စိုးပိုင်၊ ဝါဝါအောင်၊ တေဇ၊ ရန်နိုင်၊ လေပြေ [ဒါရိုက်တာ-ဆဲဗင်း (အိုင်စီ)]
- ၆:၅၀ ၁၁။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့ သူရဲကောင်း** (အပိုင်း-၁၇)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၅၄)
- ၂၁။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၃၃)

ပြည်တွင်းပြည်ပ အဖျက်သမားများ၏ ဆိုးညစ်သည့်ရည်ရွယ်ချက်နှင့်အန္တရာယ်များ ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအမြင်ဖြင့် ရှင်းလင်းစွာ သိမြင်

ပြည်ထောင်စုစိတ်ဓာတ်အခြေခံနှင့် ဝိုင်းဝန်းဖယ်ရှားရေး ဆရာ ဆရာမများအနေဖြင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြ

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၅

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်၉နာရီတွင် ရန်ကုန်တိုင်း လှည်းကူး မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရတနာသိဃ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်ကာလကဲ့သို့ သိပ္ပံနှင့်နည်းပညာတိုးတက်ဖြစ်ထွန်းမှုများက ဦးဆောင်ပြီး အစစအရာရာ ပြောင်းလဲတိုးတက်နေသည့် အချိန်ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံသူ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု အခြေခံကောင်းများအပြင် အရည်အချင်း မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေရေးသည်လည်း ပဓာနကျသော လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများ အဆင့်ဆင့် အောင်မြင် ဖြစ်ထွန်းပြီး နိုင်ငံတော်အတွက် ရေရှည်လိုအပ်မည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များ ခေတ်နှင့် လျော်ညီစွာ အရည်အသွေးမြင့်မြင့်မားမားဖြင့် စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေး၊ မိမိနိုင်ငံအတွင်း နိုင်ငံတကာအဆင့်မီ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များ၊ နည်းပညာရပ်များ ထွန်းကားပြန့်ပွားလာစေရေးတို့အတွက် ဆရာ ဆရာမများအားလုံးက ရည်မှန်းချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတိုးပွားခိုင်မြဲရေး၊ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးဟူသည့် အခြေခံအကြောင်းတရားများ အပေါ်တွင် အခိုင်အမာတည်ဆောက်ထားသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်း လာစေရေးနှင့် နိုင်ငံတော်၏အနာဂတ်ရေရှည်တည်ငြိမ် ခိုင်ခံ့စေရေးရည်မှန်းချက်များ ချမှတ်ပြီး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တိုးတက်ဖြစ်ထွန်း

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက် သွားမည့် အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအား ပညာရေးကဏ္ဍမှ ပြုစုပျိုးထောင်မွေးထုတ်ပေးခြင်းအားဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ နှင့်အညီ အမျိုးသားရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းမြင့်မားလာစေရေး ပါဝင်ကြိုးပမ်း ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"မိမိနိုင်ငံအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးမှာ မိမိပါဝင်သည့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အရေးကိစ္စ ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ထူထောင်ရေး တွင် နိုင်ငံသားများ၏ မြင့်မားသည့်ခံယူချက်နှင့် ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း၊ နိုင်ငံသားတိုင်းသည် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ ကာကွယ်ရေးအမြင်၊ စီမံခန့်ခွဲရေး အမြင်အပြင် နိုင်ငံတကာအမြင်ပါရှိနေရန် လိုအပ်ကြောင်း"** ကို မိန့်ကြားခဲ့ကြောင်း။

နယ်ပယ်ကဏ္ဍစုံ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိနိုင်ငံကို သားစဉ်မြေးဆက် ကမ္ဘာတည်သရွေ့ တည်တံ့ ခိုင်မြဲရေး၊ နိုင်ငံတော်တွင် နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းအားများ တောင့်တင်းခိုင်မာနေစေရေးတို့အတွက် မြင့်မားသည့်ခံယူချက်နှင့် ပညာရေးကဏ္ဍ အပါအဝင် နယ်ပယ်ကဏ္ဍစုံတွင် အားထုတ်ကြိုးပမ်းဆောင်ရွက်နေရမည် ဖြစ်ကြောင်း။

ယနေ့ခေတ်ကာလတွင် မိမိနိုင်ငံသူ နိုင်ငံသားများ၏ အသိဉာဏ်ပညာနှင့် ကျွမ်းကျင်မှုများသည် နိုင်ငံတော်၏ သယံဇာတတစ်ရပ်ပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်သယံဇာတများနှင့် နိုင်ငံတော်တွင် ပင်ကိုကြွယ်ဝပြီးဖြစ်သည့် သဘာဝသယံဇာတ အရင်းအမြစ်များကို သဟဇာတဖြစ်စွာ ပေါင်းစပ်ပေးနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် သိသာထူးခြားစွာ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

အောင်မြင်ဖြစ်ထွန်း

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ဆက်တစ်စပ်တည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်ပယ်ကဏ္ဍစုံတွင် စီမံကိန်းများ စနစ်တကျ ချမှတ်ဆောင်ရွက်နေမှုကြောင့် ယနေ့အချိန်အခါ၌ နိုင်ငံနှင့်အဝန်း ဖွံ့ဖြိုး တိုးတက်မှု အခြေခံကောင်းများ အောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း။

အလုံးအရင်းပေါ်ထွန်း

နယ်မြေဒေသတိုင်းတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ စီးပွားရေး လုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် ရပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်သည့် လမ်းမကြီးများ၊ မြစ်ကူး ချောင်းကူးတံတားကြီးများ၊ ဆည်တမံများ၊ လေယာဉ် ကွင်းများ၊ လျှပ်စစ်နှင့်စွမ်းအင် စီမံကိန်းကြီးများ အစီအရီပေါ်ထွန်းနေပြီဖြစ်သကဲ့သို့ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လူမှုရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှု ပတ်ဝန်းကျင် ကောင်းများလည်း အလုံးအရင်း ပေါ်ထွန်းနေပြီဖြစ်ကြောင်း။

အောင်မြင်

ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နှင့်မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းပပျောက်ရေးအတွက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို မူဝါဒတစ်ရပ်အဖြစ်ထားရှိပြီး စီမံကိန်းများ စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသများ၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများတွင် မည်သည့်ခေတ်ကာလနှင့်မျှ မနှိုင်းယှဉ်သာ အောင် အောင်မြင်ဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း။

ထိန်းသိမ်းမြှင့်တင်

တိုင်းရင်းသား လူမျိုးများစွာဖြင့် ပေါင်းစည်းဖြစ်တည်နေသည့် မိမိတို့ နိုင်ငံတော် တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားနှင့် ပြည်ထောင်စု စိတ်ဓာတ်စွမ်းအားတို့ သည် အရာရာကို အဆုံးအဖြတ်ပေးလျက်ရှိကြောင်း၊ ဤစိတ်ဓာတ်စွမ်းအားဖြင့်သာ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုများကို ထိန်းသိမ်း မြှင့်တင်သွားနိုင်မည်ဖြစ်ကြောင်း။

ညီညီညွတ်ညွတ်

ယနေ့အချိန်ကာလတွင် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအား ကို အပြည့်အဝတည်ဆောက်ပြီး မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘိုးဘွားအမွေဖြစ်သည့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ ခိုင်မြဲရေးအတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲကြိုးပမ်းကြရမည့် အချိန်ကာလပင်ဖြစ်ကြောင်း။

လုပ်ကြံဖန်တီး

ဤအခြေအနေ အချိန်အခါတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် အဖျက်သမားများအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာမှု ပျက်ပြားရေးအတွက် ဖောက်ခွဲ ဖျက်ဆီးမှုများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားစေရန် လူမျိုးရေး၊ ဝါဒရေး၊ ဂိုဏ်းဂဏရေးခွဲခြားမှုများ ပြန်လည်ခေါင်းထောင်လာစေရေးအတွက် လုပ်ကြံဖန်တီးမှု များကို စနစ်တကျ သပ်လျှိုသွေးခွဲမှုများ ကြိုးပမ်းလျက်ရှိနေကြကြောင်း။

ဝိုင်းဝန်းဖယ်ရှား

ယခုကဲ့သို့ လုပ်ကြံဖန်တီးနေကြသော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ ဆိုးညစ်သည့် ရည်ရွယ်ချက်နှင့် ကြီးမားသည့် အန္တရာယ်များကို ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအမြင်ဖြင့် ရှင်းလင်းစွာသိမြင်ပြီး ပြည်ထောင်စုစိတ်ဓာတ်အခြေခံနှင့် ဝိုင်းဝန်းဖယ်ရှားရေးအတွက် ဆရာ ဆရာမများအနေဖြင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက် သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ရာတွင် အရေးကြီးသည့် အသွင်ကူးပြောင်းရေးကာလသို့ ရောက်ရှိနေသည့် မျက်မှောက်ကာလ၌ အမျိုးသားရေးတာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်နိုင်သော ပညာရေး ဝန်ထမ်းကောင်းများအဖြစ် အစဉ်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသား စံပြဆုရ ကသအမှတ် C-၃၅ ဦးဇင်မောင်မောင်(သရုပ်ပြ၊ နည်းပညာတက္ကသိုလ်-မော်လမြိုင်)၊ သင်တန်းသူ စံပြဆုရ ကသအမှတ် A-၂၇ ဒေါ်တင်နွယ်ထူး(သရုပ်ပြ၊ နည်းပညာ တက္ကသိုလ်-မအူပင်)၊ သင်တန်းသူ ဖွဲလုံ့လဆုရ ကသအမှတ် B-၁၆ ဒေါ်ခင်မာကြူ (လက်ထောက်ကထိက၊ သူနာပြုတက္ကသိုလ်-ရန်ကုန်)နှင့် ကသအမှတ် A-၆၉ ဒေါ်ထွေးသန်း(လက်ထောက်ကထိက၊ နည်းပညာတက္ကသိုလ်-မော်လမြိုင်)တို့အား လည်းကောင်း၊ စံပြအဆောင်ဆုရ အမျိုးသားတပ်ခွဲ(၅) အဆောင်(၂)နှင့် အမျိုးသမီး တပ်ခွဲ(၂) အဆောင်(၇) တို့အားလည်းကောင်း ဆုများကိုချီးမြှင့်ပြီး တပ်ခွဲအလိုက် သင်တန်း သား သင်တန်းသူ ခေါင်းဆောင်များထံ သင်တန်းဆင်း အောင်လက်မှတ်များကိုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၆-၆-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၂၀ ၇။ အကပြိုင်ပွဲ
၈:၂၅ ၈။ ဧရာဝတီအတွက် နောက်ထပ်တံတားတစ်စင်း (ညောင်ချောင်းတံတား)
၈:၃၀ ၉။ **ဇင်ဇင်နှင့် ခြင်ကျား**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ**(အပိုင်း-၁၄)
၁၂:၃၀ ၅။ Golf Magazine (TV)
၁၂:၅၀ ၆။ မြန်မာရုပ်ရှင်ဇာတ်လမ်း **သြော်-မိန်းမ၊ မိန်းမ** ညွှန့်ဝင်း၊ ဦးကျော်လုံး၊ ဦးသိန်းမောင်၊ ချိုပြုံး (ဒါရိုက်တာ-ဦးသုခ)
၁၄:၄၅ ၇။ International News

ညပိုင်း

၃:၄၅ ၁။ **Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကမ္ဘောဇ F.C နှင့် မကွေး F.C)**
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ ကာတွန်းအစီအစဉ် BUGS' ADVENTURES (အပိုင်း-၁၆)
၆:၄၀ ၆။ တစ်မျက်နှာ တစ်ကွက်စာ **အတိတ်ခါး** (အပိုင်း-၂) အံ့သစ်ကျော်၊ ရှင်းရှင်း၊ ကောင်းစျာန်သစ်၊ သီဂီထွန်း) (ဒါရိုက်တာ-ဘုန်းမျိုးကျော်)
၆:၅၅ ၇။ **ချစ်တတ်ကြရအောင်**
၇:၀၀ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း-၁၄)
၈:၀၀ ၉။ ပြည်တွင်းသတင်း
၁၀။ နိုင်ငံတကာသတင်းများ
၁၁။ မိုးလေဝသအခြေအနေ
၁၂။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၃၁)
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၁၄)
၁၄။ ရုပ်သံကြော်ငြာများ
၁၅။ အစီအစဉ်ပြီး၏။

ကာကွယ်ရေးစွမ်းရည်မြှင့်တင်ရေး ကျူးဘားခေါင်းဆောင် တိုက်တွန်း

ဟာဗားနား ဇွန် ၅

ကျူးဘားနိုင်ငံ၏ စစ်ဘက်ဆိုင်ရာ ကာကွယ်မှုအပါအဝင် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ ကိုင်တွယ်ဖြေရှင်းမှု စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်သွားရမည်ဖြစ်ကြောင်း ကျူးဘားခေါင်းဆောင်ရောကက်စထရိုက ဇွန် ၄ရက်၌ တိုက်တွန်းလိုက်သည်။

ကျူးဘားခေါင်းဆောင် ရောကက်စထရို

ကျူးဘားပြည်သူများအနေဖြင့် ကာကွယ်ရေး စွမ်းရည် ခိုင်မာတိုးတက်မှု၏ ရလဒ်အဖြစ် ဘေးကင်းလုံခြုံမှုကို ရရှိခံစား နေကြရပြီဖြစ်သည်ဟု ကျူးဘားကာကွယ်ရေးဝန်ကြီးဌာန၌ ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲတွင် ၎င်းက ပြောကြားသည်။

ထပ်လောင်းပြောကြား

စစ်ရေးလေ့ကျင့်ခြင်းဖြင့် ကာကွယ်ရေးစနစ်၌ အားနည်းချက်များကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်သည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

ထည့်သွင်းဆွေးနွေး

အဆိုပါ အစည်းအဝေး၌ မက္ကဆီကိုပင်လယ်ကွေ့အတွင်း ရေနံယိုဖိတ်မှုပြဿနာကြောင့် နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်သည့် ပြဿနာများမှ ကာကွယ်သွားရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း ကျူးဘားနေ့စဉ်ထုတ်သတင်းစာ ဂရမ်မာက ဖော်ပြသည်။ ကျူးဘားအစိုးရအနေဖြင့် မဟာဗျူဟာမြောက်စစ်ရေးလေ့ကျင့်ခြင်းကို ၂၀၀၉ခုနှစ်အထိ ငါးကြိမ်ကျင်းပခဲ့ပြီး ဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘူဆန် ဇွန် ၅

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ် တာဝန်ရှိပုဂ္ဂိုလ်များ ဇွန်၄ရက် ညပိုင်းမှ စတင်ကာ တွေ့ဆုံဆွေးနွေးကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ထည့်သွင်းဆွေးနွေး

အဆိုပါ အစည်းအဝေးတွင် ဘဏ္ဍာရေးခိုင်မာမှု မြှင့်တင်ပေးနိုင်ရန်အတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် စပ်လျဉ်းသည့်

ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများ တောင်ကိုရီးယား၌ တွေ့ဆုံဆွေးနွေး

နည်းလမ်းများ ရှာဖွေသွားရန်အတွက် ထည့်သွင်းဆွေးနွေးကြသည်ဟု ဆိုသည်။

ထို့ပြင် ၂၀၁၀ခုနှစ် နှစ်ကုန်ပိုင်းတွင် ကနေဒါနိုင်ငံ၌ ဂျီ-၂၀ထိပ်သီးအစည်းအဝေးကျင်းပရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးကြသည်။

အစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပရန် စီစဉ်ထားပြီး ဂျီ-၂၀အဖွဲ့ဝင်နိုင်ငံ ၂၀မှ တာဝန်ရှိပုဂ္ဂိုလ် ၂၆၀ခန့် တက်ရောက်ကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လာဟိုးမြို့၌ ဗုံးပေါက်ကွဲ နှစ်ဦးဒဏ်ရာရ

လာဟိုး ဇွန် ၅

ပါကစ္စတန်အရှေ့ပိုင်း လာဟိုးမြို့ ဆင်ခြေဖုံးရပ်ကွက်၌ ဇွန်၃ရက် ညပိုင်းက ဗုံးနှစ်ကြိမ်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ပို့ဆောင်

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် နှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာရသူများကို လာဟိုးမြို့ ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဩစတြီးယား၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား

ဗီယင်နာ ဇွန် ၅

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့မှ အနောက်ဘက် ကီလိုမီတာ ၆၀ခန့်အကွာ နေအိမ်တစ်လုံးအတွင်း ဇွန် ၃ရက် နံနက်ပိုင်းက ဓာတ်ငွေ့ပေါက်ကွဲရာ နှစ်ဦးထက်မနည်း သေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိသည်ဟု ဩစတြီးယားရဲတပ်ဖွဲ့က ပြောကြား သည်။ ***(အပေါ်ပုံ)***

ဆောင်ရွက်

အခင်းဖြစ်ပွားချိန်၌ နေအိမ်အတွင်း အိမ်ရှင်လေးဦးနှင့် ဧည့်သည်တစ်ဦးအပါအဝင် ငါးဦးရှိနေကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

အမ်အင်န်အေ၊ဆင်ဟွာ

စာအုပ်ပွဲတော်ကျင်းပ

ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့၌ (၈၁)ကြိမ်မြောက် စာအုပ်ပွဲတော်ကျင်းပ နေသည်ကို ဇွန် ၄ရက်ကတွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

စစ်သင်္ဘောများတည်ဆောက်ရေး ကနေဒါရင်းနှီးမြှုပ်နှံမည်

အော့တဝါ ဇွန် ၅

ကနေဒါအစိုးရအနေဖြင့် နှစ် ၃၀အတွင်း သင်္ဘောကြီး ၂၈စင်းတည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်ဟု ဆင်ဟွာသတင်း၌ ဇွန် ၄ရက်က ဖော်ပြသည်။

အဆိုပါ သင်္ဘောများကို ကနေဒါ ကမ်းခြေစောင့်တပ်နှင့် ရေတပ်တို့၌ အသုံးပြုမည်ဖြစ်ပြီး ကနေဒါဒေါ်လာ ဘီလီယံ ၃၀ကျော် အကုန်အကျခံတည်ဆောက်သွားမည်ဖြစ်သည်ဟု ကနေဒါကာကွယ်ရေးဝန်ကြီး ပီတာမာကေးက အော့တဝါမြို့၌ ကျင်းပသည့် လက်နက်အရောင်းပြပွဲတွင် ပြောကြားသည်။

သင်္ဘောများ တည်ဆောက်ရေးအတွက် ကနေဒါသင်္ဘောကျင်းနှစ်ခုနှင့် ဆက်သွယ် ဆောင်ရွက်လျက်ရှိပြီး သင်္ဘောကျင်းတစ်ခု၌ စစ်သင်္ဘောများတည်ဆောက်ကာ အခြား သင်္ဘောကျင်း၌ စစ်တိုက်ရာတွင် အသုံးပြုရန်မဟုတ်သည့် အခြားသင်္ဘောကြီးများကို တည်ဆောက်သွားမည်ဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆက်သွယ်ရေးဂြိုဟ်တု ရုရှားအောင်မြင်စွာ လွှတ်တင်

မော်စကို ဇွန် ၅

ရုရှားအစိုးရအနေဖြင့် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ဆော်ဒီအာရေဗျနိုင်ငံမှနေ၍ အာကာသအတွင်းသို့ ဇွန်၄ရက်က အောင်မြင်စွာလွှတ်တင်လိုက်ကြောင်း ရုရှားအာကာသအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူက ဇွန်၄ရက်၌ ထုတ်ဖော်ပြောကြားသည်။

ရောက်ရှိ

အဆိုပါ အာရပ်ဆတ်-၅ဘီ ဆက်သွယ်ရေးဂြိုဟ်တုကို ရုရှားနိုင်ငံထုတ် ပရိုတွန်-အမ် ဒုံးကျည်ဖြင့် မော်စကိုစံတော်ချိန် နံနက် ၂နာရီက လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ၉နာရီ၃၃မိနစ်အကြာ၌ ဒုံးကျည်မှခွဲထွက်ကာ ကမ္ဘာပတ်လမ်းကြောင်း အတွင်းသို့ ရောက်ရှိသွားဖွယ်ရှိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဒိုမီနီကန်၌ မိုးသည်းထန်ပြီး ရေလွှမ်း

စန်တိုဒိုမင်ဂို ဇွန် ၅

ဒိုမီနီကန်နိုင်ငံရှိ စန်ကက်စ်တိုဘယ်လ်ပြည်နယ်၊ ဒါဂျာဘွန်ပြည်နယ်နှင့် စန်တိုဒိုမင်ဂိုမြို့တို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းကာ မြေပြိုသဖြင့် ဒါဇင်ပေါင်း များစွာသော မိသားစုများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရသည်ဟု အရေးပေါ် ကယ်ဆယ်ရေးဌာန(စီအိုအီး)က ဇွန်၃ရက်၌ သတင်းထုတ်ပြန်သည်။

နှိုးဆော်ထား

ယင်းရေလွှမ်းမှုကြောင့် အိမ်ခြေ ၆၀ခန့် ရေလွှမ်းမှုဒဏ်ခံစားကြရပြီး အရေးပေါ် အခြေအနေမှာ အစိမ်းရောင်အဆင့်မှ အဝါရောင်အဆင့်သို့ ပြောင်းလဲလာသည်ဟု ဒေသခံအာဏာပိုင်များက နှိုးဆော်ထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်မြောက်ပိုင်း၌မြေပြို၊ ရှစ်ဦးသေဆုံး

အစ္စလမ္မာဘတ် ဇွန် ၅

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဆာကာဒူတောင်ကြားဒေသ၌ ဇွန်၃ရက် ညပိုင်းက မြေပြိုမှုဖြစ်ပွားရာ ရှစ်ဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားမှ သတင်းထုတ်ပြန်သည်။

ပြိုကျပျက်စီး

မြေပြိုမှုဖြစ်ပွားခြင်းကြောင့် ကာမင်းမြို့ရှိ လူနေအိမ်ရှစ်လုံး ပြိုကျပျက်စီးသည်။ ကယ်ဆယ်ရေးအဖွဲ့မှ ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆိုမာလီအကြမ်းဖက်မှုများအတွင်း သေဆုံးဒဏ်ရာရရှိသူ ၁၄၀၀ကျော်ရှိ

ဂိုနီဗာ ဇွန် ၅

ဆိုမာလီနိုင်ငံ၌ မကြာမီ သီတင်းပတ်များအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် မြို့တော် မိုဂါဒစ်ရှူးရှိ ဆေးရုံသုံးရုံ၌ သေဆုံးဒဏ်ရာရရှိသူပေါင်း ၁၄၀၀ ထက်မနည်းရှိသည်ဟု ကုလသမဂ္ဂက ဇွန်၄ရက်၌ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ခံစား

အဆိုပါ သေဆုံးဒဏ်ရာရရှိသူများ၏ လေးပုံတစ်ပုံမှာ ကလေးငယ်များဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် သုံးပုံတစ်ပုံမှာ အမျိုးသမီးများဖြစ်ပြီး ၁၉၉၁ခုနှစ် ဇန်နဝါရီလအတွင်း ဗဟိုအုပ်ချုပ်ရေး အာဏာပြိုကွဲခဲ့ပြီးနောက် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ၏ဒဏ်ကို ပြည်သူရှစ်သန်းခန့် တွေ့ကြုံခံစားနေကြရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဟီနန်ပြည်နယ် အန်ယန်းမြို့၌ ပထမအကြိမ်မြောက် မီးပုံးပျံပွဲတော် ဖွင့်ပွဲကျင်းပနေသည်ကို ဇွန် ၃ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

မက္ကဆီကိုနှင့်ဘိုလီးဗီးယား စီးပွားရေးသဘောတူညီချက် လက်မှတ်ရေးထိုး

လာပက်ဇ် ဇွန် ၅

ဘိုလီးဗီးယားနှင့် မက္ကဆီကိုနိုင်ငံတို့က သက်တမ်း ၁၆ နှစ်ရှိ လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်(အက်ဖ်တီအေ)ကို စီးပွားရေးပြည့်စုံမှုသဘောတူညီချက်(အေစီအီး)နှင့် အစားထိုးရန် ဆုံးဖြတ်ထားကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဇွန်၄ရက်က ဖော်ပြထားသည်။

ပြောကြား

အက်ဖ်တီအေကို မက္ကဆီကိုက မည်သည့်အခါကမျှ ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်မှုမရှိခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် နှစ်ဖက်စလုံးက တာဝန်ယူဆောင်ရွက်ခဲ့မှုတွင် အခက်အခဲအချို့ရှိနေခြင်းကြောင့်ဖြစ်ကြောင်း ဘိုလီးဗီးယားစီးပွားရေးဆက်ဆံရေးနှင့် ပြည်ပကုန်သွယ်ရေးဝန်ကြီး လူဂျီယာက ပြောကြားသည်။

ဖွံ့ဖြိုးမှုသဘောတူညီချက်သစ် ဖော်ဆောင်ခြင်းဖြင့် ဘိုလီးဗီးယားနှင့် မက္ကဆီကိုနှစ်နိုင်ငံ ကုန်သွယ်မှုဆက်ဆံရေး တိုးချဲ့နိုင်မည်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အေစီအီးကြောင့် ဘိုလီးဗီးယားထုတ်လုပ်သူများက ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကို မက္ကဆီကိုဈေးကွက်သို့ ရောင်းချနိုင်ပြီး အချို့ထုတ်ကုန်ပစ္စည်းအပေါ် အခွန်ကောက်မှုမှ ကာကွယ်နိုင်မည်ဖြစ်သည်ဟု ဘိုလီးဗီးယားအစိုးရက ပြောကြားသည်။

(အင်တာနက်)

6-6 (04).pmd 1 6/6/2010, 2:22 AM

ကျေးလက်အိမ်ရာ တည်ထောင်ရေး စီမံကိန်းတာဝန်ပေးအပ်ပွဲ ရွှေတောင်၌ကျင်းပ

ရွှေတောင် ဇွန် ၅

ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၁၀-၂၀၁၁ခုနှစ် ကျေးလက်အိမ်ရာ တည်ထောင်ရေး စီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၂၁ရက် နံနက်၁၀နာရီခွဲက ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်လွင်က အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဖိုးချိုက တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ လူတစ်ဦးကျွန်းတစ်ပင်နှင့် ကျေးရွာပိုင်စိုက်ခင်း တစ်ရွာတစ်ဧက စိုက်ပျိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် တာဝန်ပေးအပ်လွှာများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးဖိုးချိုတို့က ကျေးရွာဥက္ကဋ္ဌများသို့ တာဝန်ပေးအပ်လွှာများကို ပေးအပ်သည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ဖျာပုံမြို့ပေါ်နှင့်ကျေးရွာများ၌ နွေရာသီရေရှားပါးသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေများဖြန့်ဝေပေးလျက်ရှိရာ မေ ၁၅ရက်က အောက်ကွင်းကျေးရွာတွင် အင်ဂျင်နီယာမှူး ဦးတင်မောင်စိုး ဦးဆောင်၍ ရေများဖြန့်ဝေပေးစဉ်။ (၁၃၇)

ကျောင်းကုန်းမြို့နယ် အထက(၁)၌ သောက်သုံးရေစင် လှူဒါန်းပွဲကျင်းပ

ကျောင်းကုန်း ဇွန် ၅

ပုသိမ်ခရိုင်ကျောင်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း သောက်သုံးရေစင်လှူဒါန်းပွဲကို မေ ၃၁ရက် နံနက် ၉နာရီခွဲက ကျင်းပသည်။

တက်ရောက်

သောက်သုံးရေစင်အလှူရှင် သုဓမ္မမဏိဇောတဓရ ဦးသိန်းမောင် လူမှုထူးချွန် (တတိယဆင့်)-ဒေါ်တင်လှ (ရွှေလမင်းဆေးလိပ်ခုံ) မိသားစုက လှူဒါန်းသော သောက်သုံးရေစင်**(ယာပုံ)** လှူဒါန်းပွဲသို့ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်း၊ ကျောင်းကော်မတီ ဦးစိုးတင့်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

လှူဒါန်း

အဆိုပါကျောင်းတွင် ကျောင်းသား ကျောင်းသူများသောက်သုံးရေ အဆင်ပြေစေရန် ယခင်ပျက်စီးသွားသော ရေစင်အစား ရေစင်အသစ်လှူဒါန်းခြင်းဖြစ်ပြီး စုစုပေါင်း ငွေကျပ် ၁၁သိန်းခန့် ကုန်ကျခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အဆို၊ အက၊ အရေး၊ အတီး အခြေခံသင်တန်းဆင်းပွဲ တမူးအထက၌ကျင်းပ

တမူး ဇွန် ၅

နွေရာသီ အဆို၊အက၊အရေး၊အတီး အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို တမူးမြို့ အခြေခံပညာအထက်တန်းကျောင်း ကဘော်ခန်းမ၌ မေ ၂၄ရက် နံနက် ၉နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကောင်းစံဦးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာဦးလှဌေးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၁၀၂ဦး တက်ရောက်ခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

မီးသတိပြု

ဆွေတစ်ရာ မောင်တစ်ကျိပ်နှင့် နိုင်ငံခြားဇာတ်ကားသစ် အပြိုင်ပြသ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇွန် ၅

ဒါရိုက်တာမီးပွား၏ ဆွေတစ်ရာမောင်တစ်ကျိပ် ဟာသဇာတ်မြူးကားနှင့်အပြိုင် နိုင်ငံခြားဇာတ်ကားသစ် နှစ်ကားရုံဝင်လာရာ ယခုသောကြာပတ်တွင် အပြိုင်ပြသလျက်ရှိသည်။ ခန့်စည်သူ၊ ပြေတီဦး၊ ခိုင်သင်းကြည်၊ ခိုင်နှင်းဝေတို့ အဓိကပါဝင်ထားသော ဆွေတစ်ရာမောင်တစ်ကျိပ် ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေသည်။

အိန္ဒိယဇာတ်ကားသစ်ရုံဝင်

အိန္ဒိယနာမည်ကြီး မင်းသားရီသစ်ရိုရှန်နှင့် မင်းသမီးဘာဘရာမော်ရီတို့ အဓိကပါဝင်ထားသော Kites ဇာတ်ကားမှာ ရှေ့ဆောင်ရုံတွင် ရုံဝင်လာသည်။ ယင်းဇာတ်ကားမှာ ဟောလီးဝုဒ်အက်ရှင်ကားများနှင့်အပြိုင် အဆင့်အတန်းမီ ရိုက်ကူးထားသော အချစ်အက်ရှင်ဇာတ်ကားဖြစ်သည်။

Iron Man 2

နေပြည်တော်ရုံတွင် Iron Man 2 ဇာတ်ကားသစ် ရုံဝင်လာသည်။ ယင်းဇာတ်ကားမှာ သံမဏိလူသား ဝတ်စုံခေါ် Mark V ဝတ်စုံကို ချူကလီးယားလက်နက်တားဆီးရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်အသုံးပြုရန် တီထွင်သော်လည်း ပြိုင်ဘက်လက်နက် လုပ်ငန်းရှင်အကြားနည်းပညာပြိုင်ကြရာမှ သူနိုင်ကိုယ်နိုင် တိုက်ခိုက်ကြပုံများကို အသည်းတထိတ်ထိတ် ရင်တဖိုဖို ကြည့်ကြရမည့် သိပ္ပံနည်းပညာ အက်ရှင်ဇာတ်ကားဖြစ်သည်။

ရုံဝင်လာ

၂၀၀၉ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဇွန် ၁ရက်အထိ ရုံဝင်လာသော မြန်မာရုပ်ရှင်ဇာတ်ကားကြီးများမှာ ဘဝသရုပ်ဖော်၊ အိမ်ထောင်ရေးပညာပေး၊ လူငယ်တို့ ဘဝအားမာန် ဖော်ကျူးသော ဇာတ်ကားများ အားနည်းလာပြီး ဖျော်ဖြေရေးသက်သက် ဟာသဇာတ်မြူးကားများသာ ရုံဝင်လာကြောင်းတွေ့ရသည်။ ဘဝသရုပ်ဖော်မြန်မာရုပ်ရှင်များမှာ ဒီဗွီဒီ၊ ဗီဒီယိုအဆင့်က ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်တက်မလာနိုင်ဘဲ ရှိနေသည်။ ထိုအချက်ကို ကြည့်ခြင်းဖြင့် မြန်မာရုပ်ရှင်လောကမှ ဘဝသရုပ်ဖော်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သဘာဝဝန်းကျင်၊ စီးပွားရေး၊ လူမှုရေးဘဝများကို ယခုထက်အားထုတ်ကြိုးပမ်း ရိုက်ကူးသွားကြရမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ ဘောလီးဝုဒ်မှာ ဟောလီးဝုဒ်နှင့်အပြိုင် ရင်ပေါင်တန်းလိုက်နေသော်လည်း အိန္ဒိယ ရိုးရာယဉ်ကျေးမှု တေးဂီတ၊ ဘဝသရုပ်ဖော်မှုအပိုင်းတွင်လည်း လျှော့နည်းအားနည်းလာသည်ကို မတွေ့ရ၊ မမြင်ရ။ အိန္ဒိယရုပ်ရှင်လောကသားတို့၏ ကြိုးပမ်းမှုကား အတုယူစရာ၊ အားတက်စရာ ကောင်းလှသည်။ မြန်မာ့ရုပ်ရှင်လောကကို ဆက်လက်မြှင့်တင်သွားကြရမည် ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ဆွေတစ်ရာ မောင်တစ်ကျိပ်မှ ခန့်စည်သူနှင့် ခိုင်သင်းကြည်တို့၏ ဟန်ပန်။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဂျပန်၌ အေပက်ဝန်ကြီးများ ဆွေးနွေးပွဲကျင်းပမည်

ဂျပန်နိုင်ငံ ဆာပိုရိုမြို့တွင် မကြာမီရက်ပိုင်းအတွင်း အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်)၏ ဝန်ကြီးအဆင့်ဆွေးနွေးပွဲ မကြာမီ ကျင်းပမည်ဖြစ်ကြောင်း ဂျပန်အရာရှိများက ဇွန် ၅ရက်၌ ပြောကြားသည်။

အီဂျစ်နှင့် ဂါဇာနယ်စပ် ပြန်လည်ဖွင့်လှစ်

အီဂျစ်နှင့်ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်ဒေသနှင့် ဆက်သွယ်ထားသည့် နယ်စပ်အား ဇွန် ၅ရက်၌ ပြန်လည်ဖွင့်လှစ်လိုက်ရာ ပါလက်စတိုင်းထောင်ပေါင်းများစွာ ဖြတ်သန်းသွားလာလျက်ရှိကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

အစ္စရေးလုပ်ရပ်အပေါ် မလေးရှား၌ဆန္ဒပြ

အစ္စရေးတို့က ထောက်ပံ့ရေးသင်္ဘောများအား တိုက်ခိုက်ခဲ့မှုလုပ်ရပ်နှင့်ပတ်သက်ပြီး ဇွန် ၅ရက်၌ မလေးရှားပြည်သူ ၁၀၀၀၀ ကျော် ကွာလာလမ်ပူမြို့၌ ဆန္ဒပြခဲ့ကြောင်း မလေးရှားရဲတပ်ဖွဲ့က ပြောကြားသည်။

ပါကစ္စတန်နယ်စပ်၌ ဒုံးကျည်ဖြင့်ပစ်ခတ်ခံရ

ပါကစ္စတန်နိုင်ငံတောင်ပိုင်း နယ်စပ်၌ ဇွန် ၅ရက်က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ကလေးငယ်နှစ်ဦးသေဆုံးပြီး အခြားနှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်း

တရုတ်နိုင်ငံ ကွမ်စီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တောင်ပိုင်း၌ ဇွန် ၅ရက်က မိုးသည်းထန်စွာရွာသွန်းသဖြင့် မြေပြိုမှုနှင့်ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ ပျောက်ဆုံးနေသူနှစ်ဦးအပါအဝင် သေဆုံးသူ ၅၁ ဦးရှိသည်ဟု တရုတ်အရာရှိက ပြောကြားသည်။

(အောက်ပုံ)

ပါကစ္စတန်မြောက်ပိုင်း၌ ခရီးသည်တင်ရထားပိတ်မိနေ

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဟန်ဇာမြို့အနီးတွင် ဇွန် ၅ရက်က မြေပြိုမှုဖြစ်ပွားသဖြင့် ခရီးသည် ၃၀၀ ကျော် တင်ဆောင်လာသော ရထားတစ်စင်းဆက်လက်ခုတ်မောင်းမရဘဲ ရပ်တန့်နေရကြောင်း၊ ရထားလမ်းများ ပျက်စီးနေသဖြင့် ပြုပြင်နေကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

အနောက်ဘက်ကမ်းခြေဒေသ၌ ပစ်ခတ်မှုဖြစ်ပွား

ပါလက်စတိုင်းရှိ အနောက်ဘက်ကမ်းခြေဒေသတွင် ဇွန် ၅ရက်က ပါလက်စတိုင်း လက်နက်ကိုင်များနှင့် အစ္စရေးတပ်ဖွဲ့ဝင်များအပြန်အလှန်ပစ်ခတ်မှုကြောင့် ပါလက်စတိုင်း အရပ်သားရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အိန္ဒိယ၌ ရထားလမ်းချော်မှုဖြစ်ပွား၊ ငါးဦးသေဆုံး

အိန္ဒိယနိုင်ငံအနောက်ပိုင်း ပူနီမြို့အနီးတွင် ဇွန် ၅ရက် နံနက်က ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားရာ ခရီးသည်ငါးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။

ရုရှားမြောက်ပိုင်း၌ ဗုံးပေါက်ကွဲ

ရုရှားနိုင်ငံမြောက်ပိုင်း မာရိဘတ်မြို့တွင် ဇွန် ၅ရက်က ဗုံးသုံးလုံးပေါက်ကွဲမှု ဖြစ်ပွားရာ သေဆုံးမှုနှင့်ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရုရှားရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ ***(အင်တာနက်)***

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး အခြေခံသင်တန်းဆင်းပွဲ

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်

အမှာစကားပြော

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်တိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး အခြေခံသင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၅

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် မေ ၃၁ရက် မွန်းလွဲပိုင်းက ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်ချီးမြှင့်

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကာ တာဝန်ရှိသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူကလေးများက အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် တိုင်းမှူးက ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

စီမံကိန်းတာဝန်ပေးအပ်ပွဲ သုံးခွမြို့၌ကျင်းပ

ရန်ကုန် ဇွန် ၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ဇွန် ၁ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာများမှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သောင်း**(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်လှလှချိုက ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်းလျာထားချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တာဝန်ရှိသူများက ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌများသို့ စီမံကိန်းတာဝန်များ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ

ပညာသင်ထောက်ပံ့ကြေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၀ -၂၀၁၁ ပညာသင်နှစ် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၅

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၀ -၂၀၁၁ ပညာသင်နှစ် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁ရက် ညနေ ၃နာရီက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ကြေးပေးအပ်

ရှေးဦးစွာ ဝန်ကြီး ဦးသိန်းဆွေက ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးသိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီတို့က ၂၀၁၀ -၂၀၁၁ ပညာသင်နှစ်တွင် ပညာသင်ကြားနေကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ပြီး ဒုတိယဝန်ကြီးနှင့်ဇနီး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးတို့က ကျောင်းသားကျောင်းသူများထံ ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ကြသည်။

ပေးအပ်ချီးမြှင့်

ယနေ့ ပေးအပ်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းမိသားစုများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် တက်ရောက်နေသော ကျောင်းသား ကျောင်းသူ ၆၉၇၇ဦးအတွက် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၆၆၆၇၀၀၀ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ကျောင်းဝတ်စုံများလှူဒါန်း

ရန်ကုန် ဇွန် ၅

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)က ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ခရမ်းမြို့နယ်အတွင်းမှ နွမ်းပါးသည့် ကလေးငယ်များ ကျောင်းအပ်နိုင်ရေးအတွက် စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းပွဲကို မေ ၃၁ရက်က ရန်ကုန်တိုင်း ခရမ်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ခရမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းနှင့် ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးသန်းလွင်တို့က အမှာစကားပြောကြားကြပြီး ကျောင်းဝတ်စုံ၊ စာအုပ်၊ လွယ်အိတ်နှင့် မိုးကာစသည်တို့ကို ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူများအား ပေးအပ်လှူဒါန်းကြပြီး**(အောက်ပုံ)** မြို့နယ်ပညာရေးမှူး ဦးစိန်သန်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

လှူဒါန်း

လှူဒါန်းသည့် ပစ္စည်းများမှာ ငွေကျပ် ၁၇၇၇၀၀၀တန်ဖိုးရှိ ကျောင်းဝတ်စုံ အစုံ ၈၀၀၊ စာအုပ်အစုံ ၈၀၀နှင့် လွယ်အိတ်အလုံး ၈၀၀၊ အလှူရှင် ဦးမြင့်အောင်-ဒေါ်လှလှစိန်မိသားစုက လှူဒါန်းသော ငွေကျပ် ၄၅၀၀၀၀တန်ဖိုးရှိ ဗလာစာအုပ်၊ ခဲတံ၊ လွယ်အိတ်နှင့် မိုးကာတို့ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကွန်ပျူတာသင်တန်းဖွင့်

နေပြည်တော် ဇွန် ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဌာနခွဲအသီးသီးရှိ ဝန်ထမ်းများ၊ သတင်းနှင့်နည်းပညာဗဟုသုတများရရှိစေရန်၊ ရုံးလုပ်ငန်းများတွင် ကွန်ပျူတာကို စနစ်တကျကျွမ်းကျင်စွာ သုံးစွဲတတ်စေရန်နှင့် သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို ဇွန်၁ရက် နံနက်၁၀နာရီခွဲက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်ကြားပို့ချ

အခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အမှာစကားပြောကြားသည်။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ သင်တန်းအမှတ်စဉ်(၁)နှင့် (၂)တို့တွင် သင်တန်းသား ၃၀စီဖြင့် ဖွင့်လှစ်ပို့ချခဲ့ပြီး ယခုအမှတ်စဉ်(၃)တွင် သင်တန်းသား ၄၀အား သင်တန်းကာလနှစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၆-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလာသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**ဓမ္မအစွမ်း အံ့မခန်း** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
၆း၄၅	မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
၇း၀၀	MRTV-4 သတင်း
၇း၄၅	ဗီဒီယိုပြခန်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈)
၈း၃၀	Sports World (Sunday Special)
၈း၅၅	ဥယျာဉ်မှူးတို့အစွမ်းဖြင့် ပွင့်လန်းလာမည့် ပန်းကလေးများ
၉း၁၅	Activities in the City (Follow Me & Secret အလှကုန်များ၏ ရွှေမဟာ ကံထူးရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား)
၉း၂၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **တတိယမြောက်သတို့သမီး**
၉း၄၀	Sunday Talk (မျိုးမြတ်သူ၊ကိုကို-စက်မှုတက္ကသိုလ်)
၁၀း၅၀	ကလောဈေးနေ့
၁၁း၂၀	Praram 9 Hospital (အပိုင်း-၂)
၁၁း၅၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၉)
၁၂း၂၅	အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
၁၂း၅၅	သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၁း၀၀	**ဓမ္မအစွမ်းအံ့မခန်း** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	**စကားနပန်း** (အချောင်ရတာ ကောင်းတယ်၊ အချောင်မရတာ ကောင်းတယ်)
၃း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈)
၄း၁၅	ဥယျာဉ်မှူးတို့အစွမ်းဖြင့် ပွင့်လန်းလာမည့် ပန်းကလေးများ
၄း၄၀	သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၅း၀၅	သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ခေတ်ပြိုင်ဂီတ မှတ်တိုင်များ (ရှယ်လီထွား)
၆း၅၅	Praram 9 Hospital (အပိုင်း-၂)
၇း၂၀	FMF Selection
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (အချောင်ရတာကောင်းတယ်၊ အချောင်မရတာ ကောင်းတယ်)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈)
၁၀း၀၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၉)
၁၀း၂၅	ဗီဒီယိုပြခန်း
၁၀း၄၀	သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
၁၀း၅၅	ခေတ်ပြိုင်ဂီတ မှတ်တိုင်များ (ရှယ်လီထွား)
၁၁း၃၀	စိတ်ချယုံကြည် Global Wave Technology
၁၁း၄၀	Activities in the City (Follow Me & Secret အလှကုန်များ၏ ရွှေမဟာကံထူးရှင်များအား ဆုချီးမြှင့်ပွဲအခမ်းအနား)
၁၁း၅၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **တတိယမြောက် သတို့သမီး**
၁၂း၀၅	ကမ္ဘာ့စုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရှန်ဟိုင်းမြို့ ကမ္ဘာ့ကုန်စည်ပြပွဲ(၂၀၁၀)တွင် မြန်မာနေ့အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ မေ ၁ရက်မှ စတင်၍ ဖွင့်လှစ်ပြသလျက်ရှိသော ကမ္ဘာ့ကုန်စည်ပြပွဲ (၂၀၁၀) ကုန်စည်ပြပွဲ ဗဟိုအဆောက်အအုံတွင် ဇွန် ၁ရက်က မြန်မာနေ့အခမ်းအနားကို ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသော မြန်မာကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Development and Reform Commission ၏ ဒုတိယဥက္ကဋ္ဌ Mr. Zhang Xiaoqiang က ကြိုဆိုပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ လွှင့်တင်ခြင်း အခမ်းအနားကို မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် Mr. Zhang Xiaoqiang တို့ ဂုဏ်ပြုတက်ရောက်ခဲ့ကြသည်။

ပေးအပ်

ထို့နောက် ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် Mr. Zhang Xiaoqiang တို့သည် ကုန်စည်ပြပွဲ ဗဟိုအဆောက်အအုံ ဧည့်ခန်းမတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး မြန်မာနေ့အခမ်းအနား အထိမ်းအမှတ်အဖြစ် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ရှင်းလင်းပြောကြား

မြန်မာပြခန်းတွင် ရည်မှန်းချက် ဆောင်ပုဒ်ဖြစ်သော " Better Urbanization with Hamonized Eco-system" ဟူသော ရည်မှန်းချက်နှင့်အညီ မြန်မာတို့၏ ရှေးဘုရင်ခေတ် မြို့ပြလူနေမှုဘဝမှ စတင်ကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းလျက် ခေတ်မီမြို့ပြ တည်ဆောက်မှုကို ထင်ဟပ်သည့် နေပြည်တော် တည်ဆောက်မှုအထိ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာမှုကိုလည်း နိုင်ငံသားများ၏ လူနေမှုဘဝမြင့်မားရေးနှင့် အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ ဆောက်လုပ်ရေး၊ ဆက်သွယ်ရေး၊ ကုန်သွယ်ရေးနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးများကို ဖော်ကျူးထားရှိမှုကိုလည်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

နိုင်ဂရု(ပ်)၏ အရောင်းမြှင့်တင်ရေး အစီအစဉ် ဖွင့်လှစ်

ရန်ကုန် ဇွန် ၅

Naing Group Construction Co., Ltd. ၏ ထူးခြားဆန်းသစ်ရွှေရောင်နှစ် ၂၀၁၀ အရောင်းမြှင့်တင်ရေး အစီအစဉ် ဖွင့်ပွဲကို မေ ၂၉ရက် နံနက် ၉နာရီက ရန်ကုန်မြို့ရှိ အမှတ် ၇၆ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ် Naing Group Show Room၌ ကျင်းပရာ ရှေးဦးစွာ Naing Group Construction Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးသက်နိုင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ အရောင်းမြှင့်တင်ပွဲကို ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်ဦး၊ မန်နေဂျင်းဒါရိုက်တာ ဦးသက်နိုင်ဦး၊ သရုပ်ဆောင် လူမင်း၊ အထွေထွေမန်နေဂျာ ဦးစောမြင့်အောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

ရောင်းချပေး

အဆိုပါNaing Group Construction Co., Ltd. က အရောင်းမြှင့်တင်ရေး ကာလအတွင်း အခန်းဝယ်ယူသော Customer များအား 10% Discount အပြင် အခန်း ၁၀ခန်းကို Special Hot Sales ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း၊ ဝယ်ယူသောအခန်းများအလိုက် 32" Plasma TV၊ Washing Machine၊ ရေခဲသေတ္တာ၊ CDMA (5-Lakhs) Phone၊ စင်ကာပူသို့ သုံးညအိပ် လေးရက်ခရီး လည်ပတ်ခွင့်စသည့် Special Gifts များအပြင် အခွန် ၁၅ရာခိုင်နှုန်းမှ ၇ဒသမ ၅ရာခိုင်နှုန်း (တစ်ဝက်)ကို ကုမ္ပဏီမှ ပေးဆောင်ပေးမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ငွေပေးချေမှုများကိုလည်း ရွှေဆိုင်းငွေပေးချေမှုစနစ်၊ အရစ်ကျငွေပေးချေမှုစနစ်၊ လက်ငင်းငွေပေးချေမှု စနစ်များဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး လစဉ် အရစ်ကျငွေများအား အကျေပေးသွင်းပါက လစဉ် ၁ဒသမ ၅ရာခိုင်နှုန်း သက်သာခွင့်ရရှိမည်ဖြစ်သည်။ အရောင်း မြှင့်တင်ရေးကာလကို ဇွန် ၂၄ရက်အထိ အဆိုပါ Show Room တွင် ပြုလုပ်မည်ဖြစ်ပြီး ဖုန်း-၂၅၁၉၅၁၊ ၂၅၆၀၄၇ ၊ ၀၉-၈၀-၂၂၉၁၄၊ ၀၉-၉၉-၂၇၃၈၉၊ ၀၉-၅၁-၁၂၁၃၉၊ ၀၉-၅၀-၅၅၂၀၅တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။

(သတင်းစဉ်)

ယခုအပတ်ထုတ် စောင့်ကြည့်ဂျာနယ် ဖြန့်ချီ

ရန်ကုန် ဇွန် ၅

ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးရွာစားပြမှုဖမ်းမိ၊ ပစ်ခတ်နေသည့်ကြားက သေနတ်ကို ဝင်လုသော အာဂသတ္တိခဲတစ်ဦး၏ ဖြစ်ရပ်မှန်ဇာတ်လမ်း၊ မုံရွာဈေးကြီး မီးလောင်၊ ရွှေဆိုင်၊ ဂိုဒေါင်၊ ငါးပိ၊ ငါးခြောက်တန်းများ မီးလောင်ကျွမ်း၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မူလတန်းကျောင်းမနေသည့် ကလေးဦးရေ၊ ဇင်ယော်နီရဲ့ ယနေ့ ကံကောင်းချင်ရင် ယတြာလက်ဆောင်၊ ဒဂုံ(ခေါ်) ရန်ကုန်မြို့၏သမိုင်း၊ အသင်းနှစ်သင်းပေါင်းပြီး နာဂစ်ဒဏ်သင့်ဒေသများသို့ ပညာသင်စရိတ်ထောက်ပံ့၊ ကုန်သေတ္တာတင်ယာဉ်များ ရန်ကုန်မြို့တွင်း ညအိပ်ရပ်နားခွင့် မပြုတော့၊ ရနောင်းမြို့တွင် ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးစခန်းဖွင့်လှစ်၊ တစ်ချိန်က ဂျီစီဘီအေ အသင်းချုပ်ကြီးနှင့် ဒိုင်အာခီရွေးကောက်ပွဲ ကိုယ်တွေ့ကြုံခဲ့ရသူတစ်ဦး၏ ရေးသားချက်၊ မိုးဦးမုန်တိုင်းလွန်မြောက်ပေမယ့် လာနီညာရာသီဖြစ်လာနိုင်၊ မိုးနှောင်းမုန်တိုင်းကို သတိထားရမည် မိုးလေဝသ ဦးထွန်းလွင် သတိပေး၊ မိမိအမှားကို ဝန်ခံဝံ့သော ဗိုလ်ချုပ်အောင်ဆန်း၊ မောင်သန်းဆွေ(ထားဝယ်)၏ ဖူးစာနှစ်ခိုင် သို့မဟုတ် ချစ်ရေးမညီသည့် မေရီမိဖုရား၊ ဒေါက်တာ အောင်ခင်ဆင့်၏ ကလေးများ အဖြစ်များသည့် တီဘီရောဂါ၊ ပြတ်သားခိုင်မာတဲ့ ရည်မှန်းချက်နဲ့ စိတ်ဓာတ်ခိုင်မာရန် ဆရာလူထု စိန်ဝင်းက ပြောကြား၊ မီးသတ်ကားလှူချင်တဲ့ ခန့်စည်သူ၊ ကျန်းမာရေးကြောင့် အနားယူနေရတဲ့ မျိုးစန္ဒီကျော်၊ ရိုးရိုးရှင်းရှင်း ပုလဲဝင်း၊ F4 ချစ်သူ လီမင်ဟို၊ ကျောင်းသူဘဝကို မစွန့်တဲ့ ပတ်ရှပ်ဟေး၊ အမေဇုန်သစ်တောများနှင့် ကမ္ဘာ့မြေ ကျန်းမာရေး၊ တရုတ်လူ့အဖွဲ့အစည်းမှာ ဘာတွေဖြစ်နေသလဲ၊ အတိုက်အခံများ အပေါ်အနိုင်ရသည့် အဘီဆစ်ဝိဇ္ဇာဇီဝ၊ ၂၀၁၀ ကမ္ဘာ့ဖလားပွဲ ဗိုလ်စွဲနိုင်သည့် အသင်းများ၊ အစ္စရေးက ဂါဇာအကူအညီ သင်္ဘောခြောက်စင်းကို တိုက်ခိုက်သည့် ကိစ္စ နောက်ဆက်တွဲပြဿနာ၊ ဘန်ကီမွန်း၊ ဖိလစ်ပိုင်မှ အကီနို၏သား နွိုင်နွိုင်အကီနို၊ နာတန်ရာဟု စသည့် စောင့်ကြည့်ရမည့် ပုဂ္ဂိုလ်များနှင့်… ပြည်တွင်းပြည်ပ အရေးကြီးသတင်းများ၊ အရေးပေါ်သတင်းများနှင့် News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ (၅)၊ အမှတ် (၄၅) ထွက်ရှိနေပြီ ဖြစ်သည်။

(သတင်းစဉ်)

စာကြည့်တိုက် အဆောက်အအုံ သံဖြူဇရပ်၌ဖွင့်၊ စာအုပ်များလှူဒါန်း

သံဖြူဇရပ် ဇွန် ၅

သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု စမ်းကြီးရွာ လဝန်းသော်တာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံ ဖွင့်ပွဲနှင့် စာအုပ်၊ငွေလှူဒါန်းပွဲကို မေ၂၄ရက်က အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

စာကြည့်တိုက်အဆောက်အအုံသစ်ကို သံဖြူဇရပ်မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသီ၊ စမ်းကြီးကျေးရွာဥက္ကဋ္ဌ ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စမ်းကြီးကျေးရွာစာကြည့်တိုက်အတွက် ဝေါလ်ဗီးရှင်း (မြန်မာ) အဖွဲ့က တန်ဖိုးငွေ ကျပ်နှစ်သိန်းကျော်ရှိ သုတ၊ ရသစာအုပ် မျိုးစုံ ၁၈၄အုပ်ကို တာဝန်ခံ ဦးစောနေသားက ပေးအပ် လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံယူသည်။ **(ဝဲပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် မြို့နယ်ပညာရေးမှူး(ငြိမ်း) ဒေါ်ဝင်းကြည်က စမ်းကြီးရွာ စာကြည့်တိုက်ပရိဘောဂများအတွက် ငွေကျပ် တစ်သိန်းကို စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးထံ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇွန် ၅

ပုလဲမြို့နယ်ဥက္ကဋ္ဌ စာကြည့်တိုက်ဆောက်မည့်မြေနေရာ ကြည့်ရှုစစ်ဆေး

ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးသည် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမြင့်၊ မင်းတိုင်ပင်ရုံးခွဲ ဦးစီးမှူး ဦးမြင့်ဇော်တို့နှင့်အတူ မေ ၁၈ရက်က ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံဆောက်လုပ်မည့် ကျေးရွာများသို့ သွားရောက်၍ ဆောက်လုပ်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။ *(မြို့နယ် ပြန်/ဆက်)*

ဖလမ်းစည်ပင်သာယာ သောက်သုံးရေ ဖူလုံရေးဆောင်ရွက်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရေးအတွက် ဖလမ်း-ဟားခါးလမ်းကြားရှိ ဖလမ်းမြို့မှ ၁၂မိုင် ဖိဖာလုံကွာဝေးသော တလန်လဲင်း ရေထွက်စမ်းတွင် ရေဖမ်းကန်၊ အနည်ထိုင်ကန်နှင့် ရေစစ်ကန်များ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေထိန်းဇရိယာများတွင် ချုံနွယ်များရှင်းလင်းခြင်းတို့ကို မေ၂၂ရက်က အမှုဆောင်အရာရှိ ဦးထလာဟရဲ၏ ကြီးကြပ်မှုဖြင့် အငယ်တန်းအင်ဂျင်နီယာ-၄ ဦးမန်ဟရဲနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြသည်။ ***(ခရိုင် ပြန်/ဆက်)***

ကောလင်းမြို့၌ ရေဖူလုံရေးအတွက် ဆောင်ရွက်

ကောလင်းမြို့ပေါ် ရပ်ကွက် ၁၁ရပ်ကွက်နေ ပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရေစက်ရုံများ ကြံ့ခိုင်ရေးနှင့် ပုဂ္ဂလိက လက်တူးတွင်းကျယ်နှင့် တုံကင်တွင်းများ ရေမခန်းခြောက်စေရေးအတွက် မြို့တွင်းရေမြောင်းများသို့ ရေသွင်းခြင်းလုပ်ငန်းကို မေ ၁၈ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်နှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ကြီးကြပ်ပြီး မြို့ရေပေးရေးကော်မတီအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပေးကြသည်။ *(၀၃၂)*

ဆားလင်းကြီး၌ စီမံကိန်းရည်မှန်းချက်တာဝန် ပေးအပ်

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်း ရည်မှန်းချက် အကောင်အထည်ဖော်ရေး တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၅ရက် နံနက် ၁၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်က အဖွင့်အမှာစကား ပြောကြားပြီး နယ်မြေလေးခုခွဲ၍ စီမံကိန်းတာဝန်ပေးအပ်သည်။ ***(မြို့နယ် ပြန်/ဆက်)***

အင်တော်၌ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

အင်တော်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ကြူကြူလှိုင်နှင့် ဝန်ထမ်းများသည် မေ ၁၂ရက်က အုန်းကွဲကျေးရွာအုပ်စုရှိ နာကျင်းကျေးရွာ၊ ကျောက်ကြီးကျေးရွာ၊ အုန်းကွဲကျေးရွာနှင့် လယ်ခေါင်းကျေးရွာ စာကြည့်တိုက်များတွင် စာပေဝါသနာရှင်များဖြင့် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲများ ကျင်းပကြသည်။ *(မြို့နယ် ပြန်/ဆက်)*

ရေစကြို၌ သောက်သုံးရေမပြတ်ရေး ဆောင်ရွက်

ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်စိုး ဦးဆောင်ပြီး စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် မြို့ပေါ်စေတနာရှင်များ၏ ကူညီလှူဒါန်းမှုများဖြင့် သောက်သုံးရေမပြတ်ရေးအတွက် မေ ၁၈ရက်က ကားများဖြင့် အဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ***(၀၆၉)***

မိုးမောက်၌ စာဖတ်ရှိန်မြင့်မားရေး ဆွေးနွေး

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လွန်းနန်းထွေး၊ ဓာတ်ပုံဦးမလန်လာလွမ်နှင့် အငယ်တန်းစာရေး ဒေါ်သဲစုမိုးတို့သည် မေ ၂၇ရက် နံနက် ၁၀နာရီက စီဟက်ကျေးရွာသို့ရောက်ရှိပြီး စာကြည့်တိုက်ပိုင်အဆောက်အအုံ အမြန်ဆုံးဆောက်လုပ်ရန်နှင့် စာဖတ်ရှိန်မြင့်မားရေးတို့ကို ဆွေးနွေးကြသည်။ *(မြို့နယ် ပြန်/ဆက်)*

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်ပွဲ ဒေးဒရဲ၌ကျင်းပ

ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ်(၂/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ရက် နံနက် ၁၀နာရီက သက္ကယ်ချောင်ကျေးရွာ ပျိုးခင်းသစ်စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ***(ခရိုင် ပြန်/ဆက်)***

စီမံကိန်းတာဝန်ပေးအပ်ပွဲ မုံရွာ၌ ကျင်းပ

စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်အတွက် စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၈ရက် နံနက် ၁၀နာရီက မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မုံရွာခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ဆန်းက အမှာစကား ပြောကြားပြီး စီမံကိန်းတာဝန်ပေးအပ်ရာ မြို့နယ်များကိုယ်စား မုံရွာမြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက လက်ခံယူသည်။ *(ခရိုင် ပြန်/ဆက်)*

ကျိုက်လတ်မြို့နယ်၌ အားမာန်သစ်စာကြည့်တိုက်ဖွင့်

ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကွန်ပလိုင်းရွာသစ်ကျေးရွာအုပ်စု ကွန်ပလိုင်းရွာသစ်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ဒေသခံပြည်သူများ ပါဝင်လှူဒါန်းငွေတို့ဖြင့် ဆောက်လုပ်ပြီးစီးခဲ့သော အားမာန်သစ်စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၅ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပသည်။ ***(ခရိုင် ပြန်/ဆက်)***

သာစည် - ညောင်ရမ်း ပြောင်းဖူးစေ့ကျောက်စီလမ်း

➢သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ➢ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) ➢စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

သာစည် ဇွန် ၅

ပြောင်းဖူးစေ့ကျောက်စီလမ်းစနစ်ဖြင့် ကျေးရွာများနှင့် ဆက်သွယ်ထားသည့် လမ်းဖောက်လုပ်ထားသည်ဟူသော သတင်းစကားဖြင့် သာစည်မြို့သို့ ရောက်ရှိနေသော မြန်မာ့အလင်းသတင်းအဖွဲ့ သာစည်မြို့ အနောက်တောင်ဘက်ရှိ သာစည်-ညောင်ရမ်းလမ်းသို့ လေ့လာရန် ထွက်လာခဲ့ကြသည်။

သာစည်မြို့သည် မြို့တွင်း၊ မြို့ကွက်လှသလို မြို့တွင်းလမ်းများ ဖောက်လုပ်ထားမှု စနစ်ကျလှသည်။ ထို့အတူ ကျေးလက်လမ်းများကိုလည်း စနစ်တကျ ဖောက်လုပ်ပေးထားသည်ကို မြင်တွေ့ရသည်။ သာစည်မြို့ အနောက်တောင်ဘက် မြို့အပြင်သို့ ထွက်လိုက်သည်နှင့် ကျယ်ဝန်းဖြောင့်ဖြူးသော လမ်းကို တွေ့လိုက်ရသည်။ မော်တော်ဆိုင်ကယ်များ၊ ကုန်တင်မော်တော်ယာဉ်များ၊ စက်ဘီးများနှင့် လမ်းလျှောက် သွားလာနေကြသူများကိုလည်း ဥဒဟိုမြင်တွေ့ရသည်။

“လမ်းခင်းတဲ့နေရာမှာ ကျောက်တုံးတွေကို တစ်တုံးချင်းပြုပြင်ပြီး စနစ်တကျနဲ့ အချိန်ယူခင်းခဲ့ခြင်းဖြစ်ပါတယ်”

ဒေါ်နှင်းဝေ (အငယ်တန်းအင်ဂျင်နီယာ)
သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့။

“အခုဒီလမ်းကို ခင်းပေးလိုက်တော့ အချိန်မရွေး သွားလာလို့ ရသွားတာပေါ့”

ဒေါ်မာမာဆွေ
သမန်းကန်ကျေးရွာ။

ညီညာ

သာစည်မြို့နယ်နှင့် ညောင်ရမ်းကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော သာစည်-ညောင်ရမ်းလမ်းပေါ် ရပ်ကာ လေ့လာမိသည်။ လမ်းခင်းထားမှုမှာ ကျောက်တုံးများကို ပြောင်းဖူးစေ့များကဲ့သို့ မြေသားအတွင်း မြှုပ်ကာ စီထားခြင်းဖြစ်ရာ အင်္ဂတေနှင့် ပြုလုပ်ထားသကဲ့သို့ ညီညာမာကျစ်ပြီး ပြန့်ပြူးလျက်ရှိသည်ကို တွေ့ရသည်။ ကျောက်တုံးများကို မျက်နှာပြင် ညီညာအောင်ညှိပြီး ကျောက်တုံးလေးများကို တစ်ခုနှင့် တစ်ခု ထိကပ်နေအောင် ပြုလုပ်ထားသည်မှာ ပညာသားပါလှသည်။ စနစ်လည်းကျပြီး ခိုင်ခံ့မှု ကြာရှည်မည်ဖြစ်ကြောင်း သတိပြုမိသည်။

ပြောကြား

“ဒီလမ်းဟာ နည်းပညာအသစ်နဲ့ ပြုလုပ်ထားတာဖြစ်ပြီး လမ်းအရည်အသွေး တိုးတက်အောင်နဲ့ ရေရှည် ခံနိုင်ရည်ရှိအောင်လည်း စနစ်တကျပြုလုပ်ထားတာ ဖြစ်ပါတယ်။ လမ်းခင်းတဲ့နေရာမှာ ကျောက်တုံးတွေကို တစ်တုံးချင်း ပြုပြင်ပြီး စနစ်တကျနဲ့ အချိန်ယူခင်းခဲ့ခြင်း ဖြစ်ပါတယ်”ဟု သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်း အင်ဂျင်နီယာ ဒေါ်နှင်းဝေက သတင်းအဖွဲ့သို့ ရှင်းပြသည်။

ပြောင်းဖူးစေ့ကျောက်စီလမ်းမှာ မိတ္ထီလာခရိုင်အတွင်းရှိ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်များအနက် ယခု သာစည်-ညောင်ရမ်းလမ်းပေါ် ပထမဆုံး စမ်းသပ်ခင်းထားခြင်းဖြစ်သည်။

သာစည်မြို့နှင့် ညောင်ရမ်းကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော သာစည်-ညောင်ရမ်းလမ်းကို ဤသို့တွေ့ခဲ့ရသည်။

လက်ရှိအခြေအနေအရ ဘိလပ်မြေနှင့် အခြားပစ္စည်းများ ပါဝင်အသုံးပြုထားခြင်းမရှိသော်လည်း ခိုင်ခံ့ကာ အပျက်အစီး မရှိသည်ကို တွေ့ရသည်။

လမ်းခင်းမှု

သာစည်-ညောင်ရမ်းလမ်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကာလအတွင်း ပြောင်းဖူးစေ့ကျောက်စီလမ်း ကျောက်စီခြင်းကို ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ သာစည်-ညောင်ရမ်းလမ်းမှာ အရှည် ခုနစ်မိုင်ရှိပြီး ယခင်က ကျောက်ကြမ်းလမ်းဖြစ်သည်။ ယခုအခါ ပြောင်းဖူးစေ့ ကျောက်စီလမ်းအဖြစ် အရှည်ပေ ၂၇၀၀အထိ ခင်းထားပြီးဖြစ်ရာ ဆက်လက်၍ ပြီးဆုံးအောင် ခင်းသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

လေ့လာ

သာစည် - ညောင်ရမ်း လမ်း အတိုင်း လမ်းလျှောက်လေ့လာခဲ့ရာ အနီးဝန်းကျင်မှ ကျေးရွာများအတွက် နွား၊ မိုး၊ ဆောင်း ရာသီမရွေး စိတ်ချမ်းမြေ့စွာ သွားလာနိုင်ကြသည့် အနေအထားရှိနေသည်။ လမ်းပေါ်တွင်လည်း နွားလှည်းမောင်းနှင်မှု၊ လမ်းပျက်စီးမှု ဖြစ်စေနိုင်လောက်သည့် တန်ချိန်များပြားသည့် မော်တော်ယာဉ်ကြီးများ ဝင်ရောက်မောင်းနှင်မှုကို တားမြစ်ပိတ်ပင်ထားသဖြင့် လမ်းတစ်လျှောက် ချိုင့်ခွက်ဖြစ်ခြင်း၊ ရေဝပ်ခြင်းနှင့် လမ်းပျက်စီးခြင်းများ လုံးဝမရှိကြောင်း တွေ့မြင်ရသည်။

မြင့်မား

သာစည်-ညောင်ရမ်း ပြောင်းဖူးစေ့ကျောက်စီလမ်းသည် အကျယ် ၁၂ပေရှိပြီး အမြင့် နှစ်ပေရှိသဖြင့် မိုးတွင်း၌ ဒေသမိုးရွာသွန်းမှုနှင့် တွက်ချက်လျှင် ရေလွှမ်းနိုင်ခြင်း မရှိအောင် မြင့်မားသည်။ ရာသီမရွေး ကျေးလက်နေပြည်သူများ ခရီးသွားလာရေးနှင့် ကုန်ပစ္စည်းများ တင်ဆောင်နိုင်၊ သယ်ပို့နိုင်ရေးကို ဦးတည်ကာ တွက်ချက်ဖောက်လုပ် ပေးထားခြင်း ဖြစ်သည်။

သာစည်-ညောင်ရမ်း ပြောင်းဖူးစေ့ကျောက်စီလမ်းပေါ် လေ့လာစဉ် ခြင်းတောင်းတစ်လုံးကိုင်ကာ လမ်းလျှောက်လာသော အမျိုးသမီးတစ်ဦးကို မေးမြန်းကြည့်ရာ “ကျွန်မနာမည်က ဒေါ်မာမာဆွေ ဖြစ်ပါတယ်။ သမန်းကန်ရွာမှာ နေထိုင်တာဖြစ်ပြီး အခု သာစည်မြို့မဈေးမှာ ဈေးသွားဝယ်မှာပါ။ အခု ဒီလမ်းကို ကောင်းအောင် ခင်းပေးလိုက်တော့ ကျွန်မတို့လို အနီးဝန်းကျင်က ရွာသူရွာသားတွေ အချိန်မရွေး ကောင်းကောင်းမွန်မွန် သွားလာလို့ရတာပေါ့။ ဒီအတွက် ကျေးဇူးအများကြီး တင်ရပါတယ်”ဟု သတင်းအဖွဲ့သို့ ပြောပြသည်။ ဒေါ်မာမာဆွေ၏ မျက်နှာမှာလည်း ကျေနပ်ပီတိဖြစ်နေမှုကို တွေ့မြင်ရသည်။ အနီးဝန်းကျင်ရှိ ကျေးလက်နေပြည်သူများအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်စရာပင်။

သာစည်-ညောင်ရမ်းကျေးလက်လမ်းဖောက်လုပ်ပေးခြင်းနှင့် ပြောင်းဖူးစေ့ ကျောက်စီလမ်းခင်းပေးမှုကြောင့် မောင်းတိုင်ရွာ၊ ညဏ်ကန်ရွာ၊ ပေါက်ချောင်းရွာ၊ မင်းလှရွာ၊ ကုက္ကိုပေါက်ရွာ၊ အင်းဝင်ရွာ၊ နွားထိုးရွာ၊ ပေါက်တောရွာနှင့် မရွေးရွာတို့မှ ကျေးလက်နေပြည်သူများ ခရီးသွားလာရေးနှင့် ဒေသထွက်ကုန်များဖြစ်သည့် စပါးနှင့် ကောက်ပဲသီးနှံများကို ရာသီမရွေး သယ်ယူပို့ဆောင်နိုင်ကြပေပြီ။

ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးမှုနှင့် အဆင့်မြှင့်တင်ပေးမှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပေးနိုင်သည့်အလျောက် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ အဆင့်တိုးမြင့်လာစေရန် ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

❍ *ကျောဖုံးမှ*

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည့်အစီအမံများ စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန် မှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဟင်္သာတမြို့ ဦးပါရဲကမ်းနားတာ ဧရာဝတီ မြစ်ကမ်းပါး ကာကွယ်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ဟင်္သာတမြို့ ဧရာဝတီ မြစ်ကမ်း ကာကွယ်ထိန်းသိမ်းခြင်းနှင့် GEO Tube တပ်ဆင်၍ တာပိုးခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဇလွန်မြို့ မြို့မရပ်ကွက်ရှိ ဆန်တန်းတာ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ဇလွန်မြို့ မြစ်ကမ်းထိန်းလုပ်ငန်းများနှင့် ကမ်းပြိုပျက်စီးမှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မြစ်ရေကြီးမှု အန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် အဆင့်ဆင့်လုပ်ဆောင်ရန်များနှင့်စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဇလွန်မြို့ရှိ ဟင်္သာတ-ညောင်တုန်းရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များမှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ဘိုးပိုင်အောက်ခြေ RP (11) (16) (19) (20) (21) သံကူကွန်ကရစ်သွန်းလောင်းပြီးစီးမှုနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များကို မှာကြားပြီး လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဇွန် ၂ရက်တွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပဲခူးတိုင်း တောင်ငူမြို့ လေးကျွန်းကန်တော်ကြီး သန့်ရှင်းသာယာလှပရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ မြန်မာ့မီးရထား အမှတ်(၅) တိုင်းတာဝန်ခံနှင့် စီမံကိန်းအင်ဂျင်နီယာများက ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်ပြီးစီးမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် တောင်ငူမြို့ လေးကျွန်းကန်တော်ကြီး သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျုံးပတ်လမ်းတစ်လျှောက်နှင့် ဘုရင့်နောင် ကြေးရုပ်တုရင်ပြင်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သန့်ရှင်းသာယာလှပရေးနှင့် လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

စည်ပင်သာယာရေးအ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ
နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌က
အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြော
များကို စနစ်တကျကောက်ခံရန်နှင့် ဘဏ္ဍာရေးစည်
လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန်၊ ကျေးလ

မှာကြား

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်ငွေက စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းစီမံချက် စနစ်တကျရေးဆွဲရေး၊ အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့် အရည်အသွေးထိန်းသိမ်းဆောင်ရွက်ရေးဆိုင်ရာများကို မှာကြားသည်။

ယင်းနောက် စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၉-၂၀၁၀ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့များမှ နှစ်ပတ်လည် အစီရင်ခံစာအပေါ်သုံးသပ်၍ ကဏ္ဍကြီးငါးရပ်ခွဲခြားပြီး စည်ပင်သာယာရေးအဖွဲ့များဖွဲ့စည်းခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာများ၊ ဘဏ္ဍာရေးဆိုင်ရာ၊ မြို့ပြနှင့် ကျေးလက် အင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်ချက်များ၊ ဥပဒေ၊ အခွန်နှင့် စစ်ဆေးခြင်းဆိုင်ရာတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာ
မုံရွာမြို့၌ ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများ ရှ

နေပြည်တော် ဇွန် ၅

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးသည် ဇွန် ၂ရက် နံနက်က မုံရွာမြို့ စီးပွားရေးတက္ကသိုလ် ခန်းမဆောင်၌ ၂၀၁၀ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူးက မုံရွာမြို့နယ် ဇလုပ်(အနောက်) ကျေးရွာစာကြည့် ကျောက္ကာ(မ)အုပ်စု စည်သာကျေးရွာ၊ ရေကန်စု စာကြည့်တိုက်များအတွက် အလှူငွေများကို ပေးအ ဥက္ကဋ္ဌများကလက်ခံပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ် ရရှိသည်။

အောင်ပွဲရ မျိုးဆက်သစ်လူငယ်ဂေါက်သီးအဖွဲ့အား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို

ရန်ကုန် ဇွန် ၅

၂၀၁၀ခုနှစ် ဇွန်၁ရက်မှ ၄ရက်အထိ အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျကာတာမြို့ရှိ DAMAI INDAH GOLF-PIK COURSE ဂေါက်ကွင်း၌ ကျင်းပခဲ့သည့် JAKARTA WORLD JUNIOR GOLF CHAMPIONSHIP-2010 တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အသင်းအုပ်ချုပ်သူ ဦးမျိုးထွန်း ဦးဆောင်သော မြန်မာ့လက်ရွေးစင် မျိုးဆက်သစ် လူငယ်ဂေါက်သီးအဖွဲ့(ယာပုံ)သည် ယနေ့ ညနေ ၃နာရီ ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။

ရယူပေး

သွားရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် လူငယ်ဂေါက်သီးအဖွဲ့မှ အမျိုးသမီးဂေါက်သီး အားကစားမယ် မယဉ်မေမျိုးသည် အသက် (၁၃-၁၄) နှစ်တန်း Girls Class (B) အဆင့်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရာ ထိုင်းနိုင်ငံ အားကစားမယ်နှင့် အမှတ်ချင်းတူနေသဖြင့် ကျင်းပိုရိုက်ပြီး ဆုံးဖြတ်ရာ မယဉ်မေမျိုးက သုံးရက်ပေါင်း ရိုက်ချက် ၇၀၊ ၇၆၊၇၀ စုစုပေါင်း ရိုက်ချက် ၂၁၆ချက်ဖြင့် ချန်ပီယံ ပထမဆုဖလားကို ရရှိခဲ့ပြီး ထိုင်းနိုင်ငံမှ အားကစားမယ်များက ဒုတိယနှင့် တတိယဆုများကို ရရှိခဲ့သည်။ မယဉ်မေမျိုးသည် မေ ၁၄ရက်မှ ၁၆ရက်အထိ မလေးရှားနိုင်ငံတွင် ကျင်းပပြီးစီးခဲ့ပြီးဖြစ်သည့် 27th Men &19th LADIES AMATEUR OPEN GOLF CHAMPIONSHIP ပြိုင်ပွဲ၌ ချန်ပီယံ ပထမဆုကိုရရှိခဲ့ပြီး ယခုပြိုင်ပွဲ အပါအဝင် နိုင်ငံတော်အတွက် ချန်ပီယံပထမဆု နှစ်ဆုကို ရယူပေးခဲ့သည်။

ယင်းပြိုင်ပွဲတွင် တောင်အာဖရိကနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

(သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇွန် ၅

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက ၍မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(သပြေကုန်း)တွင် ၀ ဒသမ ၆၇ လက်မ၊ သံတောင်ကြီးမြို့တွင် ၇ ဒသမ ၅၁ လက်မ၊ ရွှေဘိုမြို့တွင် ၂ ဒသမ ၈၄ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ မုံရွာမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊

စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည်လုပ်ငန်း ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် ဇွန် ၂ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသော ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် ဝန်ထမ်းများ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး ဆောင်ရွက်ပေးရန်၊ အခွန်ဘဏ္ဍာငွေများကို စနစ်တကျကောက်ခံရန်နှင့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲရန်၊ လူအင်အားအသုံးပြုသည့်စနစ်မှ စက်ယန္တရားသို့ ပြောင်းလဲအသုံးပြုရန်အတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန်၊ ကျေးလက်အိမ်ရာ တည်ဆောက်မှုများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် စသည်ဖြင့် မှာကြားသည်။

မှာကြား

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်ငွေက စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းစီမံချက် စနစ်တကျရေးဆွဲရေး၊ အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့် အရည်အသွေးထိန်းသိမ်းဆောင်ရွက်ရေးဆိုင်ရာများကို မှာကြားသည်။

ယင်းနောက် စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၉-၂၀၁၀ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့များမှ နှစ်ပတ်လည် အစီရင်ခံစာအပေါ်သုံးသပ်၍ ကဏ္ဍကြီးငါးရပ်ခွဲခြားပြီး စည်ပင်သာယာရေး အဖွဲ့များဖွဲ့စည်းခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာများ၊ ဘဏ္ဍာရေးဆိုင်ရာ၊ မြို့ပြနှင့် ကျေးလက် အင်ဂျင်နီယာ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဥပဒေ၊ အခွန်နှင့် စစ်ဆေးခြင်းဆိုင်ရာတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇနည်မင်းက မြူနီစီပယ် အမှိုက်ပေါင်းစည်းစီမံခန့်ခွဲမှုစာတမ်း၊ အင်ဂျင်နီယာမှူး ဦးသန်းထွန်းအောင်က ကျေးလက်ဒေသ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲရေးနှင့် စီမံခန့်ခွဲမှုစာတမ်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ဇေယျလင်းက လမ်းတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲမှုစာတမ်း၊ လက်ထောက်ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးကိုကိုမောင်က ဆောက်လုပ်ရေးလုပ်ငန်းသုံးယန္တရားများ ကိုင်တွယ်ထိန်းသိမ်းခြင်းစာတမ်းတို့ကို ဖတ်ကြားကြရာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြပြီး အစည်းအဝေးပထမနေ့ အစီအစဉ်များကို ရပ်နားသည်။

ဒုတိယနေ့

အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို မေ ၃ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးစိုးစိုးဦးက ခရိုင်ချင်းဆက်လမ်းများ အကောင်အထည်ဖော်မှုအပေါ် လေ့လာသုံးသပ်ချက်စာတမ်း၊ အင်ဂျင်နီယာမှူး ဦးမျိုးကျော်စိုးက အပူပိုင်းဒေသ ကျေးလက်ရေရရှိရေးလုပ်ငန်း (၁၀)နှစ်စီမံကိန်း(၂၀၀၀-၀၁မှ ၂၀၀၉-၁၀) အကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ် လေ့လာသုံးသပ်ချက်စာတမ်း၊ လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇော်လွင်က ရေငန်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နိုင်သော နည်းလမ်းများ စာတမ်း၊ လက်ထောက်အင်ဂျင်နီယာ ဒေါ်ယဉ်ယဉ်မြင့်က သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် အရန်သောက်သုံးရေရရှိရေးဆောင်ရွက်မည့် နည်းလမ်းများစာတမ်းတို့ကို ဖတ်ကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် တာဝန်ရှိသူများက ဖတ်ကြားခဲ့သည့် ပြည်ပနိုင်ငံများမှ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းအတွေ့အကြုံ စာတမ်းများ၊ လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ စာတမ်းများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို ရပ်နားသည်။

ဆောင်ရွက်ပေးနိုင်

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ၁၉၈၈ခုနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်လမ်း ၃၀၉၆၁မိုင်၊ ကျေးလက်တံတား ၇၃၃၄စင်းနှင့် မြို့ပြလမ်း ၅၆၁၅မိုင်၊ မြို့ပြတံတား ၃၇၆၁စင်း၊ ကျေးလက်နှင့် မြို့ပြလမ်း စုစုပေါင်း ၃၆၅၇၆မိုင်နှင့် တံတားစုစုပေါင်း ၁၁၀၉၅စင်းတို့ကို တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၀)နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ဆောင်ရွက်ခဲ့ရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ကုန်အထိ အပူပိုင်းဒေသ တိုင်း သုံးတိုင်းတွင် ကျေးရွာ ၈၀၄၂ရွာ၊ ကျန်ပြည်နယ်နှင့်တိုင်းများတွင် ကျေးရွာ ၁၅၁၈၃ရွာ အားလုံး၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီ ဖြစ်သည့်အတွက် ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပေးပြီး ဖြစ်ကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)တို့ကို ဖောက်လုပ်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)တွင် လမ်းအရှည် ၃၂၆ မိုင် ၅ဖာလုံကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး ၁၉၄မိုင်ကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တွင် ကတ္တရာလမ်း ၁၄၈မိုင် ၅ဖာလုံနှင့် ကျောက်ချောလမ်း ၂၁၄မိုင် ၄ဖာလုံကို လည်းကောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၃)တွင် မြေသားလမ်း ၁၄၉မိုင် ၃ဖာလုံနှင့် ကျောက်ချောလမ်း မိုင် ၇၀ ၃ဖာလုံကိုလည်းကောင်း အသီးသီး ဆောင်ရွက်ပေးခဲ့ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ခရိုင်ချင်းဆက်

ဆက်လက်၍ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁)တွင် ကတ္တရာလမ်း ၁၀မိုင်၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)တွင် ကတ္တရာလမ်း ၃၀မိုင် ၆ဖာလုံ၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၃)တွင် ကတ္တရာလမ်း၂၆မိုင်၊ ကျောက်ချောလမ်း ၁၇မိုင်နှင့် မြေသားလမ်း ၁၇မိုင်တို့ကို လျာထားဆောင်ရွက်သွားရန် ရှိကြောင်း။

အခက်အခဲ

ထို့အပြင် စည်ပင်သာယာရေးအဖွဲ့များသည် ရေရှည်တွင် ပူပြင်းခြောက်သွေ့သည့် နွေရာသီများ၌ သောက်သုံးရေပြတ်လပ်မှု အခက်အခဲမရှိစေရေးအတွက် မြို့ရေပေးရေးလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရေး၊ ကျေးလက်ဒေသများတွင် သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ပြန်လည်သုံးသပ်ပြီး လိုအပ်ချက်များကို ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ညလယ်စာ စားသုံးလေ့ရှိသူများ သွားများ ဆိုးရွားစွာ ထိခိုက်ပျက်စီးစေနိုင်

ကောင်းမြတ်သူ-ရေးသားသည်

ကိုပင်ဟေဂင် ဇွန် ၅

ညလယ်အစားအသောက်များ စားသုံးခြင်းသည် သွားများကို ဆိုးဆိုးရွားရွားကျိုးပဲ့ ပျက်စီးစေနိုင်ကြောင်း ဒိန်းမတ်သုတေသီများက သတိပေးထားသည်။

လေ့လာတွေ့ရှိ

ကိုပင်ဟေဂင် တက္ကသိုလ်မှ သုတေသီများသည် ဒိန်းမတ်ပြည်သူ ၂၂၁၇ဦးအား ညလယ်အစားအသောက်များ စားသုံးခြင်းနှင့် ပတ်သက်ပြီး သုတေသနပြုခဲ့ရာ ညလယ်အစားအစာ စားသုံးသူများသည် သွားများထိခိုက်ပျက်စီးမှု အလွန်များပြားကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု ဆို၏။

လူတို့သည် ညအခါတွင် တံတွေးဂလင်းမှ အစာချေရည်များ ထုတ်လွှတ်မှု နည်းပါးကြောင်း၊ ယင်းအတွက် စားကြွင်းစားကျန်များ ခံတွင်းနှင့် သွားကြိုသွားကြား၌ ကျန်ရှိနေပြီး သွားကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေနိုင်ကြောင်း အဆိုပါ သုတေသီများက ပြောကြားသည်။

ထိခိုက်ပျက်စီးစေနိုင်

အထက်ဖော်ပြပါ ဒိန်းမတ်ပြည်သူ ၂၂၁၇ဦးအနက် ၁၇၃ဦးမှာ ညအိပ်ရာဝင်ပြီး တစ်ရေးနိုးသည့်အခါ ညလယ်တွင် တစ်ပတ်လျှင် နှစ်ကြိမ် အစားအသောက်များ စားသုံးလေ့ရှိသည်။ ထိုသို့ စားသုံးခြင်းကြောင့် ယင်းတို့၏သွားများမှာလည်း ဆိုးရွားစွာ ထိခိုက်ပျက်စီးလျက်ရှိသည်ဟုဆိုသည်။

အထူးသဖြင့် သကြားနှင့် အက်စစ်ဓာတ်ပါသော အစားအသောက်များနှင့် အဖျော်ယမကာများ စားသုံးပါက သွားများမြန်မြန် ထိခိုက်ပျက်စီးစေနိုင်သည်။ ။

အင်တာနက်

မေ ၂၉ရက်က ကျေးရွာများတွင် သောက်သုံးရေရရှိမှု အချက်အလက် စုဆောင်းရန်နှင့် လက်ရှိရေနှိပ်တုံကင်များ ကောင်းမွန်မှု ရှိမရှိကို ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်နှင့်အဖွဲ့ ကွင်းဆင်းကြီးကြပ်စစ်ဆေးစဉ်။ (၁၅၄)

...ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမောင်ထူး ...ိုင်ရာ သိကောင်းစရာများ ရှင်းလင်း

မုံရွာမြို့နယ် ဇလုပ်(အနောက်) ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်နှင့် ကျောက္ကာ(မ)အုပ်စု စည်သာကျေးရွာ၊ ရေကန်စုကျေးရွာနှင့် ကန်မကျေးရွာ စာကြည့်တိုက်များအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌများကလက်ခံပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

...အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇွန် ၅

...ိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ...နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်း၊ ...ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ...င်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ...င် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား ...င်းအောက်ပိုင်းတွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် ...တ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(သပြေကုန်း) ...တောင်ကြီးမြို့တွင် ၇ ဒသမ ၅၁ လက်မ၊ ရွှေဘိုမြို့တွင် ...တော်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ မုံရွာမြို့တွင် ၁ ဒသမ ... ၁ ဒသမ ၅၇ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ပြင်ဦးလွင်မြို့၊ မန္တလေးမြို့၊ ဘီးလင်းမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၁ ဒသမ ၁၈ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၆ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနော်မြေ F.C ကို ဂိုးပြတ်အနိုင်ယူပြီး လက်ရှိချန်ပီယံ ရတနာပုံ တတိယနေရာရောက်လာ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု-လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

မန္တလေး ဇွန် ၅

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)ကို ယနေ့ညနေ ၄နာရီက မန္တလေးမြို့ရှိ ဗထူးကွင်းနဲ့ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရတနာပုံအသင်းနဲ့ ဇေယျာရွှေမြေအသင်းတို့ နိုင်ပွဲတွေ ရရှိခဲ့ပါတယ်။

ဗထူးကွင်း

ရတနာပုံ - ငါးဂိုး။
မနော်မြေ F.C - ဂိုးမရှိ။

အခုပွဲ အနိုင်ရရင် အမှတ်ပေးဇယားတတိယနေရာကို ရယူနိုင်မှာဖြစ်လို့ လက်ရှိချန်ပီယံရတနာပုံတို့ အမှားမခံခဲ့ပါဘူး။ ဒဏ်ရာရကစားသမားတွေဖြစ်တဲ့ ထွန်းထွန်းဝင်းနဲ့ ပိုင်စိုးတို့ကလွဲရင် လူစုံပါဝင်လာတဲ့ ရတနာပုံအသင်းဟာ မနော်မြေအသင်းကို အနိုင်ရဖို့ ဖိဖိစီးစီးနဲ့ ကစားသွားခဲ့ပါတယ်။ ရတနာပုံအသင်းဟာ အခုပွဲမှာ ပွဲစကတည်းက တစ်ဖက်သတ်နီးပါး ဖိကစားနိုင်ခဲ့ပါတယ်။

ကာကွယ်နိုင်ခဲ့

အသင်းကြီး ဒယ်လ်တာယူနိုက်တက်နဲ့ နေပြည်တော်အသင်းတို့ကို နှစ်ပွဲဆက် အနိုင်ရထားတဲ့ မနော်မြေတို့ အခုပွဲမှာ အိမ်ရှင်အသင်းကို လုံးဝမယှဉ်နိုင်ခဲ့ပါဘူး။ ကစားသမားတွေ အတွေ့အကြုံနဲ့ ပညာ ကွာခြားတဲ့အပြင် ဂျီနွန်ဆီယန်နဲ့ ကျော်ခိုင်ဝင်းတို့ရဲ့ ခံစစ်ပိုင်းကို မကျော်နိုင်လို့ ဂိုးသွင်းခွင့် သိပ်မရခဲ့ပါဘူး။ မနော်မြေ ဂိုးသမား မိုင်ထွယ်အောင် ပထမပိုင်းမှာ သေချာပေါက် ဂိုးသွင်းခွင့်အချို့ကို ကာကွယ်နိုင်ခဲ့လို့ ဂိုးမပြတ်ခဲ့တာ ဖြစ်ပါတယ်။

ပွဲအစ ခြောက်မိနစ်မှာ ဘူကီနာဖာဆိုကစားသမား တွမ်ပိုရီက ရတနာပုံအတွက် အဖွင့်ဂိုး သွင်းယူခဲ့ပြီး နောက်ပိုင်းမှာ ရတနာပုံကပဲ ပွဲကို စိုးမိုးသွားပါတယ်။ ၃၇မိနစ်မှာ အောင်ချမ်းမိုးက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့ပါတယ်။ ဒုတိယပိုင်းမှာ မနော်မြေအသင်း ချေပဂိုးရဖို့ ကြိုးစားကစားပေမယ့် ရတနာပုံခံစစ်ကို လုံးဝ မကျော်နိုင်ပါဘူး။ ၆၆မိနစ်မှာ ပယ်နယ်တီကနေ ရန်ပိုင်က တတိယဂိုး ထပ်မံသွင်းယူခဲ့ပြီး အသင်းခေါင်းဆောင် ခင်မောင်ထွန်းက ၇၈မိနစ်မှာ စတုတ္ထဂိုးနဲ့ ပွဲသိမ်းနောက်ဆုံးဂိုးကို နာကျင်အချိန်ပိုမှာ ရန်ပိုင်ကပဲ ထပ်မံသွင်းယူခဲ့ပြီး အခုပွဲ အနိုင်ရလဒ်ကြောင့် ရတနာပုံအသင်းဟာ ထိပ်ဆုံးက ဇေယျာရွှေမြေနဲ့ ကမ္ဘောဇတို့နဲ့ နှစ်မှတ်ပဲကွာပြီး ချန်ပီယံမျှော်လင့်ချက်တွေ ပြန်လည်ရှင်သန်လာရပါတယ်။

ရတနာပုံတိုက်စစ်မှူး ရန်ပိုင် မနော်မြေဘက်သို့ ဂိုးသွင်းရန် ကြိုးစားခဲ့စဉ်။

သုဝဏ္ဏကွင်း

ဇေယျာရွှေမြေ - လေးဂိုး။
ဓွဲကပင်ယူနိုက်တက် - ဂိုး မရှိ။

အရင်ခြေစွမ်းမျိုးကို မမီသေးဘဲ ဂိုးသွင်းသေချာခဲ့လို့သာ လေးဂိုးအထိ ရရှိခဲ့တာဖြစ်ပါတယ်။ ဇေယျာရွှေမြေအတွက် အနိုင်ဂိုးတွေကို ကျော်ဇင်ဝင်းတစ်ဦးတည်းက ၂၂မိနစ်၊ ၆၆မိနစ်နဲ့ ၈၄မိနစ်တို့မှာ သုံးဂိုး (ဟတ်ထရစ်) သွင်းယူခဲ့ပြီး နောက်ထပ် တစ်ဂိုးကိုတော့ မိနစ် ၆၀မှာ တောင်ကိုရီးယား တိုက်စစ်မှူး ဂျောင်ဆောင်ဘောက သွင်းယူပေးခဲ့ပါတယ်။ ။ **(မြန်မာ့အလင်း)**

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ကမ္ဘောဇ - မကွေး

ဗထူးကွင်း

နေပြည်တော် - ဥသာယူနိုက်တက်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လေသန့်၊ ရေသန့်၊ မြေသန့်အလှူ

အေးမြင့်ကြူ

ကျွန်တော်သည် မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတွင် အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ကော်မတီဥက္ကဋ္ဌက တာဝန်ခွဲဝေထားသော ပြည်နယ်နှင့် တိုင်းနှစ်ခုကို ကြီးကြပ်သည့်လုပ်ငန်းအဖွဲ့တစ်ခု၏ အဖွဲ့ခေါင်းဆောင်လည်း ဖြစ်ပါသည်။

ယနေ့ ဂေဟစနစ်ဟု ဘာသာပြန်ဆိုထားသော Ecosystem ဆိုသည်ကို ကျွန်တော်အရာရှိငယ် ဘဝကပင် စိတ်ဝင်စားခဲ့ပြီး ယင်း System သည်ပင် ကျွန်တော်တို့ရှင်သန်ရပ်တည်နေမှုအတွက် လိုအပ်သော သဘာဝဖြစ်တည်မှုများဟု ယခုအခါ နားလည်လာရပါသည်။ ပဲခူးရိုးမ တောတောင်များ၊ ရှမ်းပြည်နယ်တောတောင်များတွင် တာဝန်ထမ်းဆောင်စဉ်ကပင် လေ၊ ရေ၊ မြေနှင့် သစ်ပင်တို့၏ ဆွဲဆောင်မှုတွင် နစ်မျောကြည်နူးဖူးပါသည်။ ကျွန်တော်သာ စာရေးဆရာ၊ ကဗျာဆရာတစ်ယောက်ဖြစ်လျှင် တောတောင်ရေမြေ သဘာဝတို့၏ သာယာလွမ်းမောဖွယ်ရာဖြစ်စေပုံ၊ ချစ်ခင်စွဲလမ်းဖွယ်ရာ ကောင်းပုံတို့ကို ခံစားရေးသားလိမ့်မိမည်ထင်ပါသည်။ ၄င်းကို ကျွန်တော်တို့၏ Natural Environment ခေါ် သဘာဝ ပတ်ဝန်းကျင်ဟု ကျွန်တော် မသိခဲ့ပါ။ ဗိုလ်လောင်းဘဝက ပြင်ဦးလွင်၊ မန္တလေးကားလမ်းကို ကျောင်းဖွင့်၊ ကျောင်းဆင်းချိန် MMTA ဂျစ်ကားဖြင့် ဖြတ်သန်းခဲ့ရဖူးပါသည်။ အရာရှိဘဝတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ အခေါက်ပေါင်းများစွာ ခရီးနှင်ခဲ့ရ၍ မန္တလေး၊ ပြင်ဦးလွင်ကားလမ်းကို စုန်ဆန် ဖြတ်သန်းခဲ့ဖူးပါသည်။ ၂၁မိုင်ပတ်ဝန်းကျင်၊ ခြောက်ထပ်ကွေ့၊ သုံးတောင်ရွာ(ယခု ရတနာပုံ စီလီကွန်ဘယ်လီပတ်ဝန်းကျင်) ကားလမ်း နံဘေးတစ်လျှောက်တွင် သစ်တောဌာနကရေးသား၍ လူထုအား အသိပညာပေးထားသော စာသားများကို ဖတ်မိပြီး ယနေ့တိုင် ရင်ထဲ၊ ခေါင်းထဲစွဲနေတာလေးတွေရှိပါသည်။

"တောတောင်စိမ်းစို သာယာပို၏၊ တောမီးမရှို့ရ"
"တောတောင်စိမ်းမှ စမ်းရေရ၏၊ တောမခုတ်ရ"
"ကျေးငှက်သာရကာ တောမှာပျော်၏၊ တောမီးမရှို့ရ"
"ဥတုရာသီတောကိုမှီ၏၊ တောမီးမရှို့ရ"

စသော စာသားလေးများသည် ကျွန်တော်၏ သက်တမ်းတစ်လျှောက် ယနေ့တိုင် အရိုးစွဲ အသည်းစွဲ လိုက်နာမိစေခဲ့သော ချစ်စရာစာသားလေးများ ဖြစ်နေခဲ့ပါသည်။

တောင်တန်းဒေသများတွင် တောင်ပေါ်ကျေးရွာသားတို့သည် မြေပြန့်လယ်ယာ မပိုင်ဆိုင်နိုင်ကြပါပေ။ ထို့ကြောင့် တောင်ယာခုတ်ပြီး ဘဝရပ်တည်ခဲ့ရပါသည်။ တောင်ကုန်းတော်တော်များများ အပြောင်ရှင်းကြရ၍ ကျွန်တော်များစွာနမြောပြီး ရွှေ့ပြောင်းတောင်ယာမစိုက်ကြရန်၊ လှေကားထစ်လယ်ယာလုပ်ကြရန် ပြောခဲ့ဖူးပါသည်။စာပေနှင့်အသိပညာကွယ်ဝမှုမရှိကြသော တောင်ကုန်း တောင်တန်းနေ ပြည်သူတို့ကို သူကြီးမှတစ်ဆင့် "သူကြီးတောတောင် စိမ်းစိုနေတော့ မသာယာဘူးလား၊ ဒါကြောင့် တောမခုတ်နဲ့၊ တောမီးမရှို့နဲ့"ဟု အချိန်၊ နေရာကြုံခိုက် ပြောရဖူးပါသည်။

သဘာဝဂေဟစနစ်သည် လူတို့ ထာဝစဉ်ရပ်တည်ရှင်သန်ရန် ဘယ်သူက ဖန်တီးပေးထားမှန်း မသိနိုင်သော မျိုးရိုးစဉ်ဆက်အမွေဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုသည်ကို Natural Environment မှ ပြန်ဆိုထားကြောင်း သိရသည်။ Environment ကို အင်္ဂလိပ်-အင်္ဂလိပ် အဘိဓာန်တွင် ရှာကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရပါသည်-

(၁) The circumstance or conditions by which one is surrounded.

(၂) The whole complex of factors (as soil, climate and living things) that influence the form and the ability to survive of a plant or animal or ecological community.

ယင်းသို့ဖြစ်ရာ သက်ရှိဖြစ်သော လူနှင့်တိရစ္ဆာန်များ သက်ရှိရှင်သန်ရေးအတွက် သက်မဲ့ဖြစ်သော မြေ၊ ရေ၊ လေ၊ ရာသီဥတု၊ သစ်ပင်(သက်မဲ့ဟုယူဆပါသည်) တို့ကို ဆက်စပ်ဖြစ်တည်နေစေခြင်းသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသော စေတနာဘာသာရပ်ဟု နားလည်ရပါသည်။

ယနေ့အချိန်တွင် အသိပညာ၊ ဗဟုသုတ ပိုမိုလေ့လာခွင့် အခြေအနေရှိသော လူအများက GHG ခေါ် (green house gas) ဖန်လုံအိမ်အာနိသင်ဖြစ်စေသော ဓာတ်ငွေ့များ၊ ကမ္ဘာကြီးပူနွေးလာမှု၊ အိုဇုန်းလွှာပါးလျားလာမှု၊ အာလ်ထရာဗိုင်အိုလက်ရောင်ခြည်များ၊ အင်ဖရာရက်(ဒ်)ရောင်ခြည်များ၊ ကလိုက်မိတ်ချိန်း စသော ဝေါဟာရများ၊ အယ်လ်နီညို၊ နာနီညိုဆိုသော အပူချိန်လှိုင်းများ၊ အာတိတ်နှင့် အန္တာတိတ်က ရေခဲတောင်ကြီးများ၊ ဧဝရက်တောင်ဒေသက ဆီးနှင်းရေခဲများ၊ မြေငလျင်ကြီးများ၊ မုန်တိုင်းကြီးများ၊ ဆီးနှင်းအလွန်အကျွံကျရောက်ခြင်းများ စသည်တို့ကို ဝေါဟာရအားဖြင့်၊ သတင်းအားဖြင့် မကြာခဏ ကြားဖူးနေကြပြီးဖြစ်ပါသည်။

ကုလသမဂ္ဂ၏ အစီရင်ခံစာအရ ကမ္ဘာကြီး ပိုမိုပူနွေး၍ အပူချိန်ဒီဂရီမြင့်တက်မှု၊ အာတိတ်နှင့် အန္တာတိတ်ဒေသမှ ရေခဲတောင်ကြီးများ ပျော်ဝင်ကျလာ၍ ကမ္ဘာ့ရေထုပိုမိုများလာကာ ပင်လယ်ရေမြင့်တက်လာမှု၊ သဘာဝသောက်သုံးရေရှားပါးပြတ်လပ်လာမှု၊ ဟိမဝန္တာနှင့် ဧဝရက်ရေခဲတောင်ရေခဲများ ပျော်ကျမှုကြောင့် ၄င်းမှ မြစ်ဖျားခံသော မြစ်ကြီးများ ရေပိုမိုများလာမှု၊ အာဖရိကနှင့်တောင်အမေရိကမှ ရေခဲတောင်ကြီးများ အရည်ပျော်မှု၊ တောင်မြင့်များ အပူချိန်တက်လာမှုကြောင့် ရောဂါဖြစ်စေသော ပိုးမွှားများ ပိုမိုရှင်သန်လာမှု စသည်တို့ဖြစ်ပေါ်လာရာ ကမ္ဘာကြီး၌ မှီတင်းနေထိုင်သော သက်ရှိများ၊ လူနှင့်တိရစ္ဆာန်များ ဘေးဒုက္ခအန္တရာယ်နှင့် ကြုံတွေ့ရန် တစ်စထက်တစ်စ နီးကပ်လာသည်ကို ထောက်ပြထားပါသည်။

ယင်းအချိန်တွင် စီးပွားဖွံ့ဖြိုးမှုနောက်ကျသော၊ လူဦးရေထူထပ်သိပ်သည်းသော၊ သဘာဝသယံဇာတဖြစ်တည်မှုမပြည့်စုံသော၊ အသိပညာနှင့် ကျန်းမာရေးပညာအားနည်းသော ဆင်းရဲသည့်နိုင်ငံများက ပိုမိုခံစားကြုံတွေ့ရနိုင်ဖွယ်ရှိ၍ ဝိုင်းဝန်း ကြိုတင်ပြင်ဆင်ရေး ကြိုးပမ်းပေးလျက်ရှိပါသည်။

ပြင်းထန်သော မုန်တိုင်းကြီးများ၊ ပြင်းထန်သော ငလျင်ကြီးများ၊ ပြင်းထန်သော ရေကြီးမှုများ၊ ပြင်းထန်သော မိုးသည်းထန်ရေကြီး တောင်ပြိုမှုကြီးများ၊ ပြင်းထန်သော မီးတောင်ပေါက်ကွဲမှုများ၊ ပြင်းထန်သော အပူ၊ အအေးလွန်ကဲမှုများ ကျွန်တော်တို့နိုင်ငံတွင် မဖြစ်ပေါ်ရန် အရေးကြီးပါသည်။ သဘာဝစွမ်းအင်ကြီးများက ကျွန်တော်တို့ကို ဒဏ်မခတ်စေရန်၊ သဘာဝကို ချစ်ခင်ကြောင်း၊ လေးစားကြောင်း၊ အားကိုးကြောင်း၊ ကျေးဇူးတင်ကြောင်း ပြရပါမည်။ ခလုတ်ထိမှ အမိတဆိုသော စကားပုံအတိုင်း ကျွန်တော်တို့သည် ထိချိန်တွင် ပူပန်နေကြပါသည်။ အန္တရာယ်ရှိမှန်း သိလာကြပါသည်။ အန္တရာယ်ကြုံတော့လည်း ကယ်တင်ရှင်ကို အားကိုးတတ်ကြပြန်ပါသည်။ သို့သော် ကာကွယ်ကြရအောင်ဆိုသောအခါ "သူဖြစ်တာပဲ၊ ကိုယ်က အနေသာကြီးပါ"ဟု လွယ်လွယ် ရှောင်တိမ်းတတ်ကြပြန်ပါသည်။ ကြိုတင်ပြင်ဆင်ကာကွယ်ရေးသည် ယခုလတ်တလော အကျိုးသက်ရောက်မှုမရှိဘဲ နှစ်ရှည်ကြာမှရမည့် စွမ်းအားဖြစ်စေကာမူ ကျွန်တော်တို့၏ နောင်သားစဉ်မြေးဆက်များ၊ သူတို့၏ သားစဉ်မြေးဆက်များအတွက် ကျွန်တော်တို့က တာဝန်ရှိပါသည်။ ယခု အသိရချိန်ကစပြီး အလုပ်စကြရန် လိုအပ်ပြီ ထင်ပါသည်။

သဘာဝ၏ သယံဇာတကို ထုတ်သုံးသူတို့က အားရပါးရထုတ်သုံးပြီး ငါတို့က ခံရတယ်ဟုတွေးပြီး ကိုယ်ကပါ ဖျက်ဆီးလျှင် ကိုယ့်အမျိုးသာ ဒုက္ခရောက်ပါမည်။ ကိုယ့်မှာ အိမ်ကောင်း၊ ခြံကောင်း၊ ကားကောင်း၊ လုပ်ငန်းကောင်း၊ ဝင်ငွေကောင်းရှိ၍ ဘယ်သွားနေနေရသည်ဆိုသော အတွေးဖြင့် ကိုယ့်ပစ္စည်းမဟုတ်ဘဲ အလွန်အကျွံ ထုတ်သုံးသူတို့သည်လည်း မိမိတို့၏ တာဝန်မဲ့၊ အဆင်ခြင်မဲ့ ဖျက်ဆီးခဲ့မှုကြောင့် နောင်သားစဉ်မြေးဆက် ထိခိုက်ဆုံးရှုံးမှု၏ တရားခံများ ဖြစ်လာပါမည်။

သဘာဝသယံဇာတသည်၊ သဘာဝပတ်ဝန်းကျင်ကြီးသည် လူတို့ ရှင်သန်ဖို့ ပေးထားသည်ဖြစ်ရာ မသုံးလို့လည်း မရပါပေ။ အိုးအိမ်တည်ဆောက်ရခြင်း၊ စားသုံးသီးနှံ လယ်ယာလုပ်ရခြင်း၊ ကျန်းမာရေးအတွက် ရေခံမြေခံ အဆောက်အအုံများလုပ်ရခြင်း၊ စီးပွားဖွံ့ဖြိုးမှု အခြေခံအဆောက်အအုံများဆောက်ရခြင်း၊ နိုင်ငံလုံခြုံရေးစခန်းဆောက်ရခြင်း၊ ထင်းမီးထည့်ရခြင်း၊ ထင်းခုတ်ရခြင်း၊ စက်ရုံအလုပ်ရုံများဆောက်ရခြင်း၊ အပန်းဖြေစခန်းများ၊ စက်ယန္တရားကြီးများ၊ မော်တော်ကားများ၊ ဓေတ်မီအသုံးအဆောင်များ သုံးရခြင်း၊ အပူဒဏ် အအေးဒဏ် ကာကွယ်စက် သုံးရခြင်း၊ အမှိုက်သရိုက်ပစ်ရခြင်း စသည်တို့ရှိရာ ၄င်းအဆောက်အအုံများသည် မရှိမဖြစ် လိုအပ်ချက်များသာဖြစ်ပါသည်။ ယင်းတို့ကိုလိုအပ်၍ စနစ်တကျသုံးစွဲမှုနှင့် မပြုန်းတီး၊ မပျောက်ပျက်ရအောင် ထိန်းသိမ်းမှုတို့သည် ကျွန်တော်တို့ လူမှုဘဝ ရေရှည်ရှင်သန် ရပ်တည်နိုင်ရေးအတွက် အရေးကြီးဆုံးသော သော့ချက်ကြီး ဖြစ်ပါသည်။

ကြိုတင်ပြင်ဆင်ရန်၊ ကာကွယ်ရန် လိုအပ်ချက်များသည် စာစကား၊ သဘောတရားစကားများ တစ်ခုတည်းဖြင့် မလုံလောက်တော့ပါ။ လက်တွေ့ဆောင်ရွက်မှုများက အသက်ဝင် ရှင်သန်လိမ့်မည်။ နိုင်ငံအတွက် လိုအပ်သော ထုတ်ကုန် အရင်းအနှီးများအတွက် နိုင်ငံတော်အစိုးရသည် ဘဏ္ဍာငွေ ထုတ်သုံးရသည်ရှိသကဲ့သို့ ကုန်ထုတ်လုပ်ငန်း တည်ဆောက်ရေးအတွက် တာဝန်ပေးရသူတို့ကိုလည်း သဘာဝသယံဇာတ သုံးစွဲခွင့်ပေးရပြန်ပါသည်။ ယင်းအခါ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုရှိမည်မှာ သေချာပါသည်။ ကျွန်တော်တို့ကို ငယ်စဉ်က ခံတပ်စခန်းတည်ဆောက်ရန် သစ်ပင်ခုတ်ရသည်ကို တပ်ခွဲမှူးက အစားထိုး ပြန်စိုက်ရန် အမိန့်ပေးသကဲ့သို့ ယနေ့တွင်လည်း သယံဇာတ ထုတ်ယူသုံးစွဲသူတို့က အစားထိုးပြန်လည် ပြုလုပ်ပေးရပါမည်။ သစ်တန်များစွာ ထုတ်လုပ်မှု၊ လမ်းတံတားဆောက်လုပ်မှုမှရသော ဝန်ဆောင်မှုအကျိုးအမြတ်သည် သစ်ပင်ငယ် တစ်ရာ၊ တစ်ထောင် ပြန်စိုက်ရုံဖြင့် နစ်နာနိုင်ဖွယ်မရှိဟု တွေးကြည့်မိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ဝင်ငွေမရှိသော ဘဏ္ဍာသုံးရသည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ဘတ်ဂျက်ကချည်း ထုတ်သုံးနေရသည်ထက် အစိုးရ၊ ပုဂ္ဂလိက၊ ဖက်စပ်၊ အဖွဲ့အစည်း၊ စေတနာရှင် လူထုကအနာဂတ်ရေးအတွက် ဝိုင်းဝန်းအဖြေရှာ စုစည်းထားသော ဘဏ္ဍာမျိုးဖြင့်ဆိုလျှင် အနည်းဆုံး အသိပညာပေးမှုနှင့် အစားထိုးမှုအတွက် အကျိုးရရှိမည်ထင်ပါသည်။ လွန်ခဲ့သည့် ၁၅-၅-၂၀၁၀ ရက်နေ့က ရန်ကုန်မြို့ အိုင်ဘီစီခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ကျင်းပသော ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ဖွဲ့စည်းတည်ဆောက်ဖွင့်လှစ်ခြင်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကြီးများနှင့် စေတနာရှင်များက အားရပါးရ ဝမ်းမြောက် ဂုဏ်ယူစွာ ပါဝင်လှူဒါန်းခဲ့ကြရာ တက်ရောက်ခဲ့ရသူ ကျွန်တော်တို့သည် များစွာ ကြည်နူးပီတိဖြစ်ရပြီး ရင်ထဲငြိအောင် ကျေးဇူးတင်သာဓုခေါ်မိပါသည်။ ကျေးလက်နေပြည်သူတို့ အသိပညာရရှိရေးအတွက် အသိပညာ အလှူပြုလုပ်မည့် ဒါနစခန်းငယ်များသို့ ဝမ်းပန်းတသာ လှူဒါန်းကြခြင်းဟု ယုံကြည်ပါသည်။

ယခုလည်း ကျွန်တော်တို့၏ နောင်သားစဉ်မြေးဆက် လူမှုဘဝ ရှင်သန်ရပ်တည်ရေးအတွက် သုံးစွဲရမည့် ပံ့ပိုးမှုဒါနကို အစိုးရကချည်း မဟုတ်ဘဲ လုပ်ငန်းရှင်ကြီးများ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်း စေတနာရှင်များကပါ ပူးပေါင်းပါဝင်သော ဖောင်ဒေးရှင်းတစ်ခုကိုလည်းကောင်း၊ သယံဇာတသုံးစွဲတိုင်း ပြန်လည်အစားထိုးဖြည့်စွက်ရမည့် လိုအပ်ချက်ကို တာဝန်ခံစေသော ဥပဒေတစ်ရပ်ကိုလည်းကောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် အချိုးကျပုံဖော်ထားပေးပါလျှင် သားစဉ်မြေးဆက်အတွက် ရှင်သန်စေရာ လေသန့်၊ ရေသန့်၊ မြေသန့် လှူဒါန်းပေးခြင်းဖြစ်ပါကြောင်း တွေးမိရင်း ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ ပညာသင်ထောက်ပံ့ပစ္စည်းများပေးအပ်

တာချီလိတ် ဇွန် ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၀-၂၀၁၁ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို မေ ၃၁ရက် နံနက် ၉နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွေး၊ ရဲမှူး(ဦးစီး)ရဲမှူးစိုးလင်းအောင်နှင့် ဦးစီးအရာရှိများ၊ တပ်ဖွဲ့ဝင်မိသားစုများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထောက်ပံ့ပေးအပ်

အစီအစဉ်အရ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်၊ မြို့နယ်၊ ရဲစခန်းများမှ ကျောင်းသား ကျောင်းသူ ၁၂၁ဦးအတွက် ငွေကျပ် ၈၅၀၅၇၀တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

အထက(၁) သဃ်န်းကျွန်း ကျောင်းအပ်နှံရေးနေ့ ကျင်းပ

ရန်ကုန် ဇွန် ၅

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်) မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ရက် နံနက် ၁၀နာရီက ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အထက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေများကို အလှူရှင်များကလှူဒါန်းကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ပညာသင်စရိတ်

ထို့နောက် အလှူရှင်များက စုပေါင်းလှူဒါန်းကြသော ငွေကျပ် ၂၆သိန်း၊ ငွေကျပ် ၄၂၃၀၀ တန်ဖိုးရှိ ပညာသင်စရိတ် နှင့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ စာရေးကိရိယာများကို မြို့နယ်ပညာရေးမှူး ဦးရှိန်းလိန်းအောင်နှင့် တာဝန်ရှိသူများ၊ ထက်၊ လယ်၊ မူ ကျောင်းအုပ်ဆရာ ဆရာမကြီးများက ကျောင်းသား ကျောင်းသူ ၅၀၀ကျော်တို့အား ပေးအပ်ကြသည်။ (ဝဲပုံ) (၁၂၁)

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၅ရက်က ရွှေကူမြို့ မြို့မဈေးကြီးအတွင်းနှင့် အပြင် ပတ်ဝန်းကျင်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဆန်းဦး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးခင်အောင်နီ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်တိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်တို့ ဦးစီးပြီး သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

မီးအစဉ် သတိပြု

တောင်အာဖရိက ကမ္ဘာ့ဖလားပွဲ ရွှေဖိနပ်ဆုရှင် ဘယ်သူဖြစ်မလဲ

ရေးသူ-မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် ဇွန် ၅

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ ပြိုင်ပွဲကျင်းပရာ တောင်အာဖရိကနိုင်ငံသို့ စတင်ထွက်ခွာနေပြီဖြစ်သည်။ နိုင်ငံတကာမှ နိုင်ငံကိုယ်စားပြု ဘောလုံးသမားများလည်း အသင့်အနေအထားဖြင့် ပြိုင်ပွဲဝင်ရန် ပြင်ဆင်နေချိန်တွင် ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ဂိုးအများဆုံးသွင်းပြီး ရွှေဖိနပ်ဆုရယူနိုင်သော ဘောလုံးသမားများစာရင်း ထွက်ပေါ်လာသည်။ ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဂိုးအများဆုံးသွင်းနိုင်မည့် ရေပန်းအစားဆုံးကစားသမားများမှာ စီရိုနယ်ဒို၊ ရွန်နီ၊ ဒေးဗစ်ဗီလာနှင့်မက်ဆီ ဖြစ်လာနိုင်ကြောင်း ဥရောပဘောလုံး အဖွဲ့ချုပ် ကိုယ်စားလှယ်များက ခန့်မှန်းထားရှိသည်။

ရွှေဖိနပ်ဆုရရှိနိုင်သော ဘောလုံးသမားများမှာ လက်ရှိကစားနေသည့် ကလပ်အသင်းများ၌ ခြေစွမ်းပြနေကြသူများဖြစ်ပြီး အသင်းလိုက်ဂိုးအများဆုံးသွင်းထားသူများလည်း ဖြစ်သည်။ တစ်ဖန် မိခင်နိုင်ငံဘောလုံးအသင်းများ၌လည်း တိုက်စစ်ကို ဦးဆောင်ကာ အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်သူများဖြစ်သည်

မက်ဆီ

၂၀၀၉ ခုနှစ်ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုရရှိခဲ့သူဖြစ်ပြီး ၂၀၁၀ ခုနှစ်အတွက်လည်း ဖီဖာ၏ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုအတွက် နာမည်ကြီးနေသူ ဖြစ်သည်။ လက်ရှိကစားနေသော ဘာစီလိုနာအသင်း၌ အဓိကတိုက်စစ်မှူးဖြစ်ပြီး ဂိုးများ အဆက်မပြတ်သွင်းယူပေးထားနိုင်သူ ဖြစ်သည်။ မိခင် အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အောင်မြင်မှု များရရှိရန် မက်ဆီ၏ သွင်းဂိုးများက အဓိကကျသည်အထိ အားထားရသူဖြစ်သည်။ အာဂျင်တီးနား အသင်းနည်းပြ မာရာဒိုနာက ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲ၌ မက်ဆီ ရွှေဖိနပ်ဆု ရရှိလိမ့်မည် ဖြစ်ကြောင်း ပြောကြားနေသည်။

ဒေးဗစ်ဗီလာ

စပိန် အသင်းတိုက်စစ်ကို ဦးဆောင်မည့်သူဖြစ်ပြီး အဆုံးသတ်ဂိုးသွင်းမှုသေချာသူဖြစ်သည်။ တိုက်စစ်မှူးများအနက်



တစ်ဖက်အသင်းနောက်တန်းကို ရဲရဲဝံ့ဝံ့ ထိုးဖောက် ဂိုးသွင်းနိုင်သည့် တိုက်စစ်မှူး တစ်ဦးလည်းဖြစ်သည်။ ရီရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက မကြာမီ ကျင်းပတော့မည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ တိုက်စစ်မှူး ဒေးဗစ်ဗီလာ၏ ဂိုးသွင်းမှုများကို မြင်တွေ့ကြရမည်ဟု ပြောကြားခြင်းခံရသူလည်း ဖြစ်သည်။

စီရိုနယ်ဒို

ကလပ်ဟောင်းမန်ယူတွင် ဘောလုံးရာသီတစ်ရာသီအတွင်း ဂိုးပေါင်း ၄၃ ဂိုး အထိသွင်းယူနိုင်ခဲ့သူဖြစ်သည်။ ယခု ရီရဲမက်ဒရစ်ကလပ်၌ တိုက်စစ်ကို ဦးဆောင်ကစားနေပြီး တစ်ပွဲတစ်ဂိုးနှုန်း သွင်းယူနိုင်သည့် တောင်ပံကစားသမားလည်း ဖြစ်သည်။ မိခင်ပေါ်တူဂီအသင်းအတွက် ယခုကမ္ဘာ့ဖလားပွဲ၌ ဂိုးများသွင်းယူနိုင်ရေး အဓိကစွမ်းဆောင်ပေးမည့်သူဖြစ်ရာ ရွှေဖိနပ်ဆုအတွက် ရေပန်းစားနေသူဖြစ်သည်။

ရွန်နီ

မန်ယူကလပ်အတွက် ပြီးခဲ့သည့် ဘောလုံးရာသီ၌ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သူဖြစ်သည်။ ပရီမီယာလိဂ် တစ်နှစ်တာ ဂိုးအများဆုံးသွင်းနိုင်သူ ဆုနှင့် ဒဏ်ရာကြောင့် ပွဲမကစားနိုင်သဖြင့် လွဲချော်ခဲ့ရသူဖြစ်သည်။ အင်္ဂလန်အသင်းတိုက်စစ်ကို ဦးဆောင် ကစားမည်ဖြစ်သည်။ ခြေချင်း

ဝတ်ဒဏ်ရာ ထပ်မံရရှိခဲ့သော်လည်း ယခုအခါဒဏ်ရာ သက်သာနေပြီဖြစ်ရာ ကြံ့ခိုင်မှုအပြည့်ဖြင့် အင်္ဂလန်အသင်း အတွက် ဂိုးများသွင်းယူ ပေးမည့်သူအဖြစ် နာမည်ကြီးလျက်ရှိသည်။

ဘရာဇီးတိုက်စစ်မှူး ဖေဘီယာနိုက ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ရွန်နီသည် ရွှေဖိနပ်ဆု ရရှိနိုင်ကြောင်း ထုတ်ဖော်ပြောကြားခြင်း ခံရသူလည်း ဖြစ်သည်။

ထို့ကြောင့် ဇွန် ၁၁ ရက်၌ တောင်အာဖရိကနိုင်ငံတွင် စတင်ကျင်းပတော့မည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ရွှေဖိနပ်ဆု မည်သူရရှိသွားမည်ကို ရင်ခုန်စွာ စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

နည်းပြဘင်နီတက်ဇ် လီဗာပူးမှ ထွက်ခွာ

လန်ဒန် ဇွန် ၅

လီဗာပူးနည်းပြ ရာဖေးလ် ဘင်နီတက်ဇ်သည် ခြောက်နှစ်ကြာ လီဗာပူးအသင်းကို ကိုင်တွယ်ခဲ့ပြီးနောက် နည်းပြအဖြစ်မှနုတ်ထွက်သွားပြီဖြစ်ကြောင်း ၄င်းအသင်းက ကြေညာသည်။

ဆွတ်ခူးပေး

အသက် ၅၀ရှိ ဘင်နီတက်ဇ်သည် ၂၀၀၄ခုနှစ် ဇွန်လက လီဗာပူးနည်းပြ ဂါးနက် ဟူလီယာ၏နေရာတွင် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် လီဗာပူးအသင်းအား ချန်ပီယံလိဂ် ဖလားနှင့် အက်ဖ်အေဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

သို့သော် ပြီးခဲ့သည့်နောက်ဆုံးရာသီက လီဗာပူးအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရသည့်အပြင် ပရီမီယာလိဂ် အမှတ်ပေးဇယားတွင် နံပါတ်ခုနစ်နေရာ၌သာ ရပ်တည်ခဲ့သည်။ ယခုအခါ လီဗာပူးတာဝန်ရှိသူများက နည်းပြသစ် တစ်ဦးအား ရှာဖွေလျက်ရှိသည်။ (အင်တာနက်)

နည်းပြကာပယ်လို ယူရို ၂၀၁၂အထိ အင်္ဂလန်အသင်းကို တာဝန်ယူမည်

လန်ဒန် ဇွန် ၅

မိမိအနေဖြင့် အင်္ဂလန်အသင်းကို ၂၀၁၂ယူရိုပြိုင်ပွဲပြီးသည်အထိ တာဝန်ယူမည်ဖြစ်ကြောင်း နည်းပြကာပယ်လိုက ဝန်ခံပြောကြားလိုက်သည်။

အင်္ဂလန်အသင်းနည်းပြ ကာပယ်လိုသည် အင်္ဂလန်အသင်းနှင့်အတူ ၂၀၁၂အထိပင် စာချုပ် ချုပ်ဆိုထားသည်။

အေစီမီလန်နှင့် ရီရဲမက်ဒရစ် နည်းပြဟောင်း ကာပယ်လိုသည် အင်္ဂလန်အသင်းကို အောင်မြင်မှုရသည်အထိ ကြိုးစားပေးရန်ယုံကြည်မှုအပြည့်အဝဖြင့် တောင်အာဖရိက ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဇွန် ၃ရက်က ထွက်ခွာသွားပြီဖြစ်သည်။

ကာပယ်လိုသည် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၄ရက်က အင်္ဂလန်နည်းပြဖြစ်လာခဲ့ခြင်းဖြစ်သည်။ ၄င်းသည် အင်္ဂလန်နည်းပြ မက္ကလာရင် အင်္ဂလန်အသင်းအား ယူရို ၂၀၀၈ခြေစစ်ပွဲမအောင်မြင်ခဲ့သဖြင့် ရာထူးမှနုတ်ထွက်သွားပြီးနောက် အင်္ဂလန်နည်းပြ ဖြစ်လာခဲ့သည်။ **(အင်တာနက်)**

ပြင်သစ် အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီရီနာနှင့်ဗီးနပ်စ် ဖလားဆွတ်ခူး

ပါရီ ဇွန် ၅

အမေရိကန် တင်းနစ်မယ် ညီအစ်မဖြစ်သော ဗီးနပ်စ်ဝီလျံနှင့် ဆီရီနာ ဝီလျံတို့သည် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ကာတာရီနာဆရီဘောဗနစ်နှင့် ဗီလာ ပက်ရှ်ကေးတို့ အတွဲကို ၆-၂၊ ၆-၃ ဖြင့် အနိုင်ရပြီး ချန်ပီယံဆုဖလားများ ဆွတ်ခူးသွားကြသည်။

ဆွတ်ခူး

အဆိုပါ ညီအစ်မ နှစ်ဦးသည် ၁၉၉၉ ခုနှစ်က ပြင်သစ်အိုးပင်းတင်းနစ်နှစ်ယောက်တွဲပြိုင်ပွဲတွင်လည်း ဆုဖလားများ ခွတ်ခူးနိုင်ခဲ့သည်။ ၄င်းတို့သည် ဂရင်းဆလမ်တင်းနစ်ပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲတွင် ဆုဖလားလေးကြိမ်မြောက်အဖြစ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အင်္ဂလန်ခံစစ်မှူးဖာဒီနန် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့်လွဲချော်

လန်ဒန် ဇွန် ၅

အင်္ဂလန် နောက်တန်းကစားသမား ဖာဒီနန်သည် လေ့ကျင့်မှုပြုလုပ်စဉ် ဒူးခေါင်းထိခိုက် ဒဏ်ရာရခဲ့သဖြင့် ကမ္ဘာ့ဖလားနှင့် လွဲချော်သွားပြီဖြစ်ကြောင်း အင်္ဂလန်အသင်းတာဝန်ရှိသူများက ပြောကြားသည်။

မက္ကဆီကို၊ ဂျပန်အသင်းများနှင့် အင်္ဂလန်အသင်း ခြေစမ်းပွဲများပါဝင်ကစားခဲ့သော နောက်တန်းခံစစ်မှူးဖာဒီနန်၏ နေရာတွင် နည်းပြကာပယ်လိုက ဒေါ်ဆင်အား အစားထိုးကစားမည်ဟု ဆိုသည်။

ဦးဆောင်ကစား

အသင်းခေါင်းဆောင် ဖာဒီနန်ဒဏ်ရာရခဲ့သဖြင့် ဒုတိယအသင်းခေါင်းဆောင် စတီဗင်ဂျရတ်က အင်္ဂလန်အသင်းကို ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဦးဆောင်ကစားမည်ဟု ဆိုသည်။

(အင်တာနက်)

မြင့်မောင်စိုး
စုစည်းသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ပြင်သစ်အိုးပင်း တင်းနစ်ပိုလ်လုပွဲ စတိုဆာတက်ရောက်

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် အသက် ၂၆နှစ်အရွယ်ရှိ သြစတြေးလျတင်းနစ်မယ် ဆမ်စတိုဆာသည် ပွဲချိန်တစ်နာရီအတွင်း ပြိုင်ဘက် ကမ္ဘာ့အဆင့်(၄)တင်းနစ်မယ် ဂျီလီနာဂျန်ကိုဗစ်အား ၆-၁၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဂရင်းဆလမ်ဖလားဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ်တက်ရောက်နိုင်ခဲ့သည်။

ဆရှီယာဗိုနီ ပြင်သစ်အိုးပင်းတင်းနစ် ဗိုလ်လုပွဲတက်ရောက်

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့်(၁၇)ရှိ အီတလီတင်းနစ်မယ် ဖရန်ဆက်ကာဆရှီယာဗိုနီသည် တစ်နိုင်ငံတည်း ပြိုင်ဘက် တင်းနစ်မယ် အီလီနာဒီမင်တီဗာအား ၇-၆၊ ၇-၃ဖြင့်အနိုင်ရရှိနေစဉ် ဒီမင်တီဗာဒဏ်ရာကြောင့် ပြိုင်ပွဲမှထွက်ခဲ့ရသဖြင့် ဂရင်းဆလမ်ဗိုလ်လုပွဲသို့ ပထမဦးဆုံး တက်ရောက်ခွင့်ရခဲ့သည့် အီတလီတင်းနစ်မယ်ဖြစ်လာသည်။

အော့စလိုပြေးခုန်ပစ်၌ နိုင်ပွဲရရန်သာ ပိုဝဲလ်ရည်ရွယ်

ကမ္ဘာ့မီတာ ၁၀၀ ပြေးခုန်ပစ်ချန်ပီယံဟောင်း အဆာဖာပိုဝဲလ်က ၄င်းအနေဖြင့် အော့စလိုမြို့၌ကျင်းပမည့် ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်၌ စံချိန်ချိုးရန်မရည်ရွယ်ဘဲ နိုင်ပွဲရရန်သာ ရည်ရွယ်ကြောင်း ပြောကြားသည်။

၂၀၁၂ အိုလံပစ်ပြိုင်ပွဲ၌ အင်းနစ် ရွှေနှစ်ခုဆွတ်ခူးဖွယ်

အားကစားနည်းခုနစ်မျိုးပါဝင်ယှဉ်ပြိုင်ရသော ဟက်ပ်တာသလွန်ပြိုင်ပွဲ၌ ကမ္ဘာ့ချန်ပီယံဆုဆွတ်ခူးထားသူ ဂျက်ဆီကာအင်းနစ်အနေဖြင့် ၂၀၁၂ အိုလံပစ် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပါက ရွှေတံဆိပ်ဆုနှစ်ဆု ဆွတ်ခူးနိုင်ဖွယ်ရှိကြောင်း ပြိုင်ပွဲကျင်းပရေးအဖွဲ့က ပြောကြားသည်။

ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်၌ အူစိန်ဘော့ မပါဝင်နိုင်

ဂျမေကာ တာတိုအပြေးသမား အူစိန်ဘော့သည် ဖနောင့်ကြောဒဏ်ရာကြောင့် လာမည့် ဇွန် ၁၂ရက်၌ကျင်းပမည့် ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

ဗန်ဒါဗတ်အား စာချုပ်ရေး မန်ယူချိန်ဆနေ

မန်ယူအသင်းသည် ရီရဲမက်ဒရစ်ကစားသမား ရာဖေးလ်ဗန်ဒါဗတ်အား စာချုပ်ခေါ်ယူရန် ချိန်ဆနေသည်။

မန်စီးတီးသို့ ယာယာတိုရေး ပြောင်းရွှေ့ဖွယ်

ဘာစီလိုနာကွင်းလယ်ကစားသမား ယာယာတိုရေးသည် ပရီမီယာလိဂ်အသင်း မန်စီးတီးနှင့် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်နေပြီး ယင်းအသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း ဖော်ပြသည်။

ဖော်လန်အား ကမ်းလှမ်းခေါ်ယူရန် စပါးပြင်ဆင်

စပိန်လာလီဂါအသင်း အက်သလက်တီကို မက်ဒရစ်မှ ဥရုဂွေးတိုက်စစ်မှူး ဒီဂိုဖော်လန်အား စပါးအသင်းက ပေါင် သန်း ၂၀ဖြင့် ကမ်းလှမ်းခေါ်ယူရန် ပြင်ဆင်နေသည်။

ရီရဲသို့သာ ပြောင်းရွှေ့လိုဟု မိုင်ကွန်ဖွင့်ဟ

စီးရီးအေအသင်း အင်တာမီလန်မှ ဘရာဇီးခံစစ်မှူး မိုင်ကွန်က ၄င်းအနေဖြင့် မန်စီးတီးသို့ပြောင်းရွှေ့ရေးကို စိတ်မဝင်စားဘဲ ၄င်း၏နည်းပြဟောင်း ဂျို့စ်မော်ရင်ဟိုရှိရာ ရီရဲမက်ဒရစ်သို့သာ ပြောင်းရွှေ့လိုကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

ဂျိုးကိုးလ်အား ဆက်ထိန်းထားရေး ချယ်လ်ဆီးလက်လျှော့

ချယ်လ်ဆီးအသင်းသည် အင်္ဂလန်ဘောလုံးကြယ်ပွင့် ဂျိုးကိုးလ်အား အသင်းတွင် ဆက်ထိန်းထားရေးကို လက်လျှော့လိုက်ပြီဖြစ်ပြီး ၄င်းအားစာချုပ်သက်တမ်း ထပ်မံတိုးရေးကိုလည်း စွန့်လွှတ်လိုက်ပြီဖြစ်သည်။

ဘက်စ်တို့အားခေါ်ယူရန် မန်ယူ စိတ်ဝင်စားနေ

မန်ယူအသင်းသည် လိုင်ယွန်အသင်းမှ ပေါင် ၂၂သန်းတန် ဘရာဇီး ဘယ်တောင်ပံကစားသမား အသက် ၂၆နှစ်အရွယ်ရှိ မစ်ချယ်ဘက်စ်တို့အား ခေါ်ယူရန် စိတ်ဝင်စားနေသည်။

ရီရဲ၏ အဓိကပစ်မှတ်ကစားသမား ဂျရတ်ဖြစ်လာ

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်သည် ယခုနွေရာသီ တွင် ရီရဲမက်ဒရစ်၏ နံပါတ် (၁) ပစ်မှတ် ကစားသမားဖြစ်ကြောင်း ဖော်ပြသည်။ ။

(အင်တာနက်)

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

အုပ်စု (က) နှင့် (ခ) အသင်းများ၏ ကစားသမားများစာရင်း

➢ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ကိတ်ဖ်တောင်း ဇွန် ၅

၂၀၁၀တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၁၁ရက်၌ စတင်တော့မည်။ ကမ္ဘာတစ်ဝန်းမှ ဘောလုံးပရိသတ်များလည်း ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများ၏ နောက်ဆုံးအခြေအနေသတင်းများကို နားစွင့်လျက်ရှိကြသည်။ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ကစားသမား ၂၃ဦး ရွေးချယ်ထားမှုစာရင်းများကို ဖော်ပြရပါလျှင် -

အုပ်စု (က)

အုပ်စု(က)တွင် ပြင်သစ်၊ မက္ကဆီကို၊ တောင်အာဖရိကနှင့် ဥရုဂွေးအသင်းတို့ ပါဝင်လျက်ရှိသည်။

ပြင်သစ်အသင်း

ဂိုး - *ဟူဂိုလိုရစ်(လိုင်ယွန်)၊ မင်ဒန်ဒါ(မာဆေးလ်)၊ ကာရာဆို(ဘော်ဒိုး)၊*

နောက်တန်း - *ဆက်ဂနာ(အာဆင်နယ်)၊ အီဗရာ(မန်ယူ)၊ ဂါးလက်စ်(အာဆင်နယ်)၊ အက်ဘီဒယ်(ဘာစီလိုနာ)၊ အက်ကွီလာစီ(ဆီဗီလာ)၊ ပီလာနပ်စ်(ဘော်ဒိုး) ကလစ်ချီ(အာဆင်နယ်)၊ အင်သိုနီ(လိုင်ယွန်)*

အလယ်တန်း - *ဒီရာရာ(ဘော်ဒိုး)၊ တိုလာလန်(လိုင်ယွန်)၊ မာလူဒါ(ချယ်လ်ဆီး)၊ ဂေါ်ရာကပ်ဖ်(ဘော်ဒိုး)၊ ဒီယာဘိုင်(အာဆင်နယ်)၊ ရစ်ဘာရီ(ဘိုင်ယန်မြူးနစ်)*

ရှေ့တန်း - *အွန်နရီ(ဘာစီလိုနာ)၊ နီကိုလပ်စ်အနယ်လ်ကာ(ချယ်လ်ဆီး)၊ ဂစ်နက်(တိုလုစ်)၊ ဂိုဗူး(လိုင်ယွန်)၊ ဆစ်စီ(ပနာသီနာကို့စ်)၊ ဗယ်ဘူအီနာ(မာဆေးလ်)တို့ ဖြစ်သည်။*

မက္ကဆီကိုအသင်း

မက္ကဆီကိုအသင်း၏ ကစားသမား ၂၃ဦးစာရင်းကို နည်းပြဂျာဗီရာအက်ဂွီရီက စာရင်းထုတ်ပြန်လိုက်ပြီ ဖြစ်သည်။

ဂိုး - *အိုချိုရာ(အမေရိက)၊ မိုက်ကယ်(ချီဗက်စ်)၊ ပီရက်စ်(ချီရာပက်စ်)*

နောက်တန်း - *မားကွက်စ်(ဘာစီလိုနာ)၊ အိုဆိုရီအို(စတုဂတ်)၊ မိုရီနို(အယ်လ်ခမာ)၊ ရိုဒရီဂွက်ဇ်(ပီအက်စ်ဗွီ)၊ ဆယ်စီဒို(ပီအက်စ်ဗွီ)၊ အက်ဂွီလာ(ပါချူကာ)၊ ဂျူရာရက်စ်(ပူးမက်စ်)*

အလယ်တန်း - *မာဂယ်လွန်(ဂွါဒါလာဂျာရာ)၊ နီလို(အက်လက်)၊ ကိုရာဒို(အက်ဖူလ်)၊ ကက်စ်ရို(ပူးမက်စ်)၊ ဂွါဒါဒို(ဒီပို့တီဗို)*

ရှေ့တန်း - *ဘာရီရာ(ပူးမက်စ်)၊ ဘူတစ်စတာ(ဂွါဒါလာဂျာရာ)၊ မီဒီနာ(ဂွါဒါလာဂျာရာ)၊ ဘီလာကို(ဗီရာခရုဇ်)၊ ဟာနန်ဒက်ဇ်(ဂွါဒါလာဂျာရာ)၊ ဆန်တို့စ်(ဂါလာတာစာရေး)၊ ဖရန်ကို(ဝက်စ်ဟမ်း)၊ ကာလို့စ်ဗီလာ(အာဆင်နယ်)တို့ ဖြစ်သည်။*

တောင်အာဖရိကအသင်း

တောင်အာဖရိကဘောလုံးအသင်း၏ ပြိုင်ပွဲဝင်ကစားသမား ၂၃ဦးကို နည်းပြပရဲရားက စာရင်းထုတ်ပြန်လိုက်ပြီ ဖြစ်သည်။

ဂိုး - *ဂျို့စဖက်စ်(အော်လန်ဒို)၊ ကေဟွမ်(ကိုင်ဇာ)၊ ဝေါလ်တာ(မိန့်ဇ်)*

နောက်တန်း - *စီဘွန်နီဆိုဂါဆာ(ဆန်ဒေါင်းစ်)၊ မက်သရူးဘို့(ဆန်ဒေါင်းစ်)၊ ကူမာလို(စူပါစပို့)၊ မာဆီလီလာ(ဟိုင်ဖာ)၊ မိုကိုနာ(ပို့စ်မောက်)၊ နာကွန်ဂိုရာ(ရေဆင်း)၊ ဆန်ဝီနီ(ဂိုးဒင်းအဲရိုး)၊ လူကတ်စ်(အော်လန်ဒို)*

အလယ်တန်း - *ဒေးဗစ်(အေဂျက်ကိတ်တောင်း)၊ ဒစ်ဂါကွိုင်(ဖူလ်ဟမ်)၊ ကူဘိုနီ(ဂိုးဒင်းအဲရိုး)၊ လက်ဆိုလိုနီ(ကိုင်ဇာချက်စ်)၊ မိုဒစ်(အော်လန်ဒို)၊ မိုရီရီ(ဆန်ဒေါင်းစ်)၊ ပီနာရာ(အဲဗာတန်)၊ စီဘာယာ(ကာဇန်)၊ တီရှာဘာလာလာ (ကိုင်ဇာချက်စ်)*

ရှေ့တန်း - *အမ်ဖီလာ (ဆန်ဒေါင်းစ်)၊ နမ်ဘီတီ (မိုရိုကာ)၊ ပါကာ (အက်ဖ်စီတီဝမ်တီ)တို့ဖြစ်သည်။*

ဥရုဂွေးအသင်း

ဥရုဂွေးအသင်းအတွက် နည်းပြ အော်စကာတာဘာရက်စ်က ဘောလုံးသမား ၂၃ဦးကို ရွေးချယ်စာရင်းထုတ်ပြန်လိုက်သည်။

ဂိုး - *ဖာနန်ဒိုမူစလီရာ(လာဇီယို)၊ ကာစတီလို(ကာလီ)၊ မာတင်ဆေးလ်ဗား(စပို့တင်း)*

နောက်တန်း - *လူဂါနို(ဖီနာဘာဟက်)၊ ဂိုဒင်(ဗီလာရီရဲ)၊ စကော့တီ(ကိုလိုကိုလို)၊ ဖူစီလီ(ပေါ်တို)၊ ကန်ဆာရက်စ်(ဂျူဗင်းတပ်စ်)၊ ဗစ်တိုရီနို(ဒီချီလီ)၊ ပီရေးရာ(ဘင်ဖီကာ)*

အလယ်တန်း - *ဂါဂါနို(နာပိုလီ)၊ အရီဗာလိုရီဂိုစ်(ပီနာရို)၊ အီရူရန် (အေအိုင်ကေစတော့ဟုမ်း)၊ ပီရက်ဇ်(မိုနာကို)၊ ပီရီယာ(ပေါ်တို)၊ ဖာနန်ဒက်ဇ်(ဒီချီလီ)၊ ဂွန်ဇာလက်ဇ်(ဗလင်စီယာ)၊ လိုဒီရို(အေဂျက်)။*

ရှေ့တန်း - *စီဘက်စတင်းဖာနန်ဒက်ဇ်(ဘင်ဖီးလ်)၊ စူရာရက်ဇ်(အေဂျက်)၊ ဒီဂိုဖော်လန် (အက်သလက်တီကိုမက်ဒရစ်)၊ အက်ဘရူ (ဘိုတာဖိုဂို)၊ ကာဗင်နီ (ပါလာမို)တို့ ဖြစ်ကြသည်။*

အုပ်စု (ခ)

အုပ်စု(ခ)တွင် အာဂျင်တီးနား၊ ဂရိ၊ နိုင်ဂျီးရီးယားနှင့် တောင်ကိုရီးယားအသင်းတို့ ပါဝင်လျက်ရှိရာ အသင်းအလိုက် ဘောလုံးသမား ၂၃ဦးစာရင်းကို ဖော်ပြလိုက်ပါသည်။

အာဂျင်တီးနားအသင်း

အာဂျင်တီးနားအသင်း၏ ဘောလုံးသမား ၂၃ဦးစာရင်းကို နည်းပြ မာရာဒိုနာက ရွေးချယ်ထုတ်ပြန်ထားရာ-

ဂိုး - *ရိုမီယို(အေဇက်အယ်လ်ခမာ)၊ အင်ဒူဂျာ(ကာတာနီးယား)၊ ဒီဂိုပိုဇို(ကိုလုန်း)*

နောက်တန်း - *ဘူရာဒစ်ဆို(အင်တာမီလန်)၊ ဒီမီချီလစ်(ဘိုင်ယန်မြူးနစ်)၊ ဆမ်မြူရယ်(အင်တာမီလန်)၊ ဟိန့်ဇ်(မာဆေးလ်)၊ အော့တမန်ဒီ(ဆာလ်ဖီး)၊ ရိုဒရီဂွက်ဇ်(အီစတူဒန်တက်စ်)၊ ဂရေ့(ကိုလုန်း)*

အလယ်တန်း - *မာရှေရာနို(လီဗာပူး)၊ ဗီရွန်(အီစတူဒန်တက်စ်)၊ ဘိုလက်တီ(ဖီအိုရင်တီးနား) မာစင်မီလီရာနိုရိုဒရီဂွက်ဇ်(လီဗာပူး)၊ ဒီမာရီရာ(ဘင်ဖီကာ)၊ ဂူတီရက်ဇ်(နယူးကာဆယ်)၊ ပါစတို(ပါလာမို)*

ရှေ့တန်း - *အဂွီရို(အက်သလက်တီကိုမက်ဒရစ်)၊ မီလီတို(အင်တာမီလန်)၊ မာတင်ပါလာမို(ဘိုကာဂျူနီယာ)၊ တီဗက်ဇ်(မန်စီးတီး)၊ ဂွန်ဇာလို (ရီရဲမက်ဒရစ်)၊ မက်ဆီ(ဘာစီလိုနာ)တို့ ဖြစ်ကြသည်။*

ဂရိအသင်း

ဂရိအသင်း၏ ဘောလုံးသမား ၂၃ဦးကို ဂရိနည်းပြ ရက်ဟာဂယ်လ်က ရွေးချယ်ထားပြီးဖြစ်ရာ ယင်းဘောလုံးသမားများမှာ-

ဂိုး - *မိုက်ကယ်စီဖာကစ်(အေရစ်ဆလိုနီကာ)၊ တီဇိုဗက်စ်(ပနာသီနာကို့စ်)၊ ချာလ်ကက်စ်(ဆလိုနီကာ)*

နောက်တန်း - *ဆိုင်ဒရီဒစ်(ပနာသီနာကို့စ်)၊ ဗင်တရာ(ပနာသီနာကို့စ်)၊ မိုရက်စ်(ဘိုလော့ဂ်နာ)၊ ဆိုကရေးတီးစ်(ဂီနိုရာ)၊ ဂိုင်ရာကို့စ်(လီဗာပူး)၊ အက်ဗီရမ်(အိုလံပီယာကို့စ်)၊ တိုရိုစီဒစ်(အိုလံပီယာကို့စ်)၊ စပီရို ပေါလစ်(ပနာသီနာကို့စ်)၊ မာလီဇက်(ဆလိုနီကာ)*

အလယ်တန်း - *ကက်ဆောရာနစ်(ပနာသီနာကို့စ်)၊ တီဇိုလစ်(ဆီနာ)၊ ကာရာဂိုနစ်(ပနာသီနာကို့စ်)၊ နီနစ်(ပနာသီနာကို့စ်)၊ ပါဆက်ဇော့လို(အိုမိုနီးရား)၊ ပရီတက်စ်(အေရစ်ဆလိုနီကာ)*

ရှေ့တန်း - *ဘရစ်စတီးစ်(နူရင်ဘတ်)၊ ဆာပစ်ဒစ်(ပနာသီနာကို့စ်) ကာပီတာနို့စ်(ဘူချာရက်)၊ သီအိုဖာနီ(ဘူချာရက်)၊ ဆာမာရက်စ်(ဆဲလ်တစ်) တို့ ဖြစ်ကြသည်။*

နိုင်ဂျီးရီးယားအသင်း

နိုင်ဂျီးရီးယားအသင်း၏ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ကစားသမား ၂၃ဦး စာရင်းကို နည်းပြ လာဂါဘက်က ရွေးချယ်ထားပြီဖြစ်ရာ ယင်းကစားသမား ၂၃ဦးစာရင်းမှာ -

ဂိုး - *အင်ယေမာ(ဟာပိုးလ်တဲလ်အဗစ်)၊ အေရီနူဗာ(ဗင်နီယီဟူဒါ)၊ အီဂုနီဒီ(ဟာပိုးလ်တဲလ်အဗစ်)*

နောက်တန်း - *တေဝူး(မာဆေးလ်)၊ အီချီလီ(ရမ်နက်)၊ အိုဒစ်(စီအက်စ်ကေအေ)၊ ယိုဘို(အဲဗာတန်)၊ ဆစ်တူ(ဘော်လ်တန်)၊ အက်ဒီလီယီ(စပါတာရိုတာဒမ်)၊ အက်ဖိုလာဘီ(အက်စ်ဗွီဆဲလ်ဘာတ်)*

အလယ်တန်း - *အိုဘာစီ(ဟိုဖန်ဟင်း)၊ ဂျွန်အူတာကာ(ပို့စ်မောက်)၊ ကာလူအူချီ(အယ်လ်မီးနီးရား) အီတူဟူ(ဖူလ်ဟမ်)၊ ဘရောင်း (ဆိုးချော့)၊ ကီတာ(အလာနီးယား)၊ ဟာရူနာ(မိုနာကို)၊ အယီလာ (ဒိုင်နမိုကီယက်ဗ်)၊ အိုဆာဗို(လိုကိုမိုးတစ်)*

ရှေ့တန်း - *ယာကူဘူ(အဲဗာတန်)၊ ကနူး(ပို့စ်မောက်)၊ မာတင်(ဝုဗ်ဘတ်)၊ အိုဘီနာ(မာလာဂါ)တို့ ဖြစ်ကြသည်။*

တောင်ကိုရီးယားအသင်း

တောင်ကိုရီးယားအသင်းနည်းပြ ဟူဂျန်မိုးက တောင်အာဖရိက ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရန် ဘောလုံးသမား ၂၃ဦးကို ရွေးချယ်ခဲ့ရာ-

ဂိုး - *ကင်ယောင်ချောင်(အူလ်ဆန်)၊ လီဝမ်ဂျေ(စူဝမ်)၊ ဂျန်ဆောင်ဂွမ်(ဆောင်နမ်)*

နောက်တန်း - *ကင်ဒုန်ကျန်(အူလ်ဆန်)၊ ကင်ဟွမ်-၂(ပိုဟန်)၊ အိုဘွန်ဆော့ (အူလ်ဆန်)၊ လီယောင်ပြို(အယ်လီဟာ)၊ လီဂျောင်ဆူး(ကာရှီးမား)၊ ချာဒူရီ(ဖရီဘတ်)၊ ချိုယောင်ဟွန်(ဂျေကျူ)၊ ကင်မင်ဆူး(စူဝမ်)*

အလယ်တန်း - *ကီဆမ်ယောင်(ဆဲလ်တစ်)၊ကင်ဘိုယောင်(အိုရီတာ)၊ကင်နမ်-၂(တုန်တမ်)၊ ကင်ဂျေဆောင်(ပိုဟန်)၊ ကင်ဂျောင်ဝူ(ဂေါင်ကျူ)၊ လီချောင်ယောင်(ဘော်လ်တန်)၊ ပတ်ဂျီဆန်(မန်ယူ)*

ရှေ့တန်း - *ပက်ချူယောင်(မိုနာကို)၊ အက်ဂျောင်ဟွန်(ဒါလီရင်)၊ လီဆောင်ရူ(ဆိုးလ်)၊ ယောင်ကီဟွန်(စူဝမ်)၊ လီဒေါင်ဂွတ်(ဂျီရွန်ဘတ်)တို့ ဖြစ်ကြသည်။ ။*

ကိုးကား-အင်တာနက်

မြကန်သာရေကန်ကြီး ပြန်လည်တူးဖော်ဆယ်ယူမှု ကုသိုလ်အလှူတော် ပါဝင်ပေးကြသူများအား ဂုဏ်ပြု

ရန်ကုန် ဇွန် ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၄တောင်၊ ၄မြောက်ရပ်ကွက် မြကန်သာ သောက်သုံးရေချိုကန်ကြီး ပြန်လည်တူးဖော်ဆယ်ယူခြင်းလုပ်ငန်းတွင် ကုသိုလ်အလှူတော် ပါဝင်ပေးခဲ့ကြသူများအား ဂုဏ်ပြုပွဲကို ယနေ့နံနက် ၇နာရီက ၄တောင်ရပ်ကွက် မဟော်သဓာစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကံစောလှိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ရေကန်ပြန်လည်တူးဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်က ရေကန်ကြီးပြန်လည်တူးဖော်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ၄တောင်ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရေကန်ကြီးတူးဖော်ရေးအတွက် ဒုတိယအကြိမ်လှူဒါန်းကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က ငွေကျပ် ငါးသိန်း၊ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းခိုင်က ငွေကျပ် ၁၅၀၀၀၀၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ငွေကျပ် ၁၁၀၀၀၀၊CAT Myanmar Tractors Ltd. မှ ငွေကျပ် ၅၅၀၀၀၀၊ ဦးမင်းသိန်းကျော် (မြန်မာ့ရွှေဥဒေါင်းမင်းကုမ္ပဏီ)မှ စက်ရေတွင်းနှင့် ပစ္စည်းအစုံ၊ ဦးခင်ဝေ(သင်္ဃန်းကျွန်းမြို့နယ်)က ငွေကျပ် တစ်သိန်းနှင့် စုစုပေါင်း အလှူငွေကျပ် သိန်း၁၂၀တို့ကို မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ပြန်လည်တူးဖော်

မြကန်သာရေကန်ကြီးသည် ပေ ၂၀၀၀ ပတ်လည်၊ သက်တမ်း နှစ်၅၀ရှိကာ နွေရာသီရေခန်းခြောက်လာ၍ မြို့သူမြို့သားများက စုပေါင်းပြန်လည်တူးဖော်ခဲ့ကြခြင်း ဖြစ်သည်။ **(မြန်မာ့အလင်း)**

မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် အမှတ်(၁၀)လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ပေ ဆောင်ရွက်မှု အခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးကျော်သူက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရော်ဘာနှင့် မက္ကဒေးမီးယား တိုးချဲ့စိုက်ပျိုးရေး စိုက်ကွင်းအရောက် နည်းပညာပေးသင်တန်းပို့ချ

ကျောက်မဲ ဇွန် ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် နားအော်ကျေးရွာတွင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၏ လမ်းညွှန်မှုအရ ရော်ဘာနှင့်မက္ကဒေးမီးယား တိုးချဲ့စိုက်ပျိုးရေးအတွက် နှစ်ရှည်ပင် တာဝန်ခံများဖြစ်သော စီမံကိန်းမန်နေဂျာ (မက္ကဒေးမီးယားစီမံကိန်း) ဦးအေးဇော်၊ လားရှိုးခရိုင်မန်နေဂျာ ဦးမင်းအောင်ဝင်းနှင့် ကျောက်မဲခရိုင် မန်နေဂျာ ဦးသိန်းလွင်တို့သည် မေ ၂၅ရက်မှစတင်၍ ရော်ဘာ၊ မက္ကဒေးမီးယားတိုးချဲ့စိုက်ပျိုးရန် ကွင်းဆင်းစည်းရုံးဆောင်ရွက်ခဲ့သည်။ အဆိုပါ အဖွဲ့သည် ရော်ဘာ၊ မက္ကဒေးမီးယား စိုက်ပျိုးထားရှိသောရတနာမြတ်စိုက်ပျိုး ရေးခြံသို့ ရောက်ရှိကာစိုက်ပျိုးထားပြီး ရော်ဘာ၅၀၁ ဧကနှင့် မက္ကဒေးမီးယား ၁၅ဧကစိုက်ကွင်းတွင် ပြုစုထိန်းသိမ်းခြင်း နည်းပညာများကို လက်တွေ့ ရှင်းလင်းပြသပြီး ထပ်မံတိုးချဲ့စိုက်ပျိုးမည့် ရော်ဘာ၊ မက္ကဒေးမီးယား စိုက်ကွင်းဧကများကို ကြည့်ရှု၍ စိုက်ရာသီအတွင်း စိုက်ပျိုးနည်းပညာများကို သိရှိရေးအတွက် လက်တွေ့ကွင်းဆင်း ပညာပေးသင်တန်းပို့ချသည်။

ပို့ချ

ထိုသို့ သင်တန်းပို့ချရာတွင် ဦးအေးဇော်က မက္ကဒေးမီးယား ထိန်းသိမ်းပြုစုခြင်းနှင့် အပင်ပုံသွင်းခြင်း နည်းပညာများကိုလည်းကောင်း၊ဦးမင်းအောင်ဝင်းက (Poly Bag Budding) အိတ်စိုက်နှစ်ဖုံရင် ပျိုးပင်ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ ကိုင်းပွားခင်း၊ မျိုးကိုင်းမွေးမြူခြင်း၊ ပျိုးခင်းပျိုးထောင်နည်းစနစ်များကိုလည်းကောင်း၊ ဦးသိန်းလွင်က စိုက်ပျိုးထိန်းသိမ်းခြင်း နည်းစနစ်နှင့် မြေဩဇာကျွေးခြင်း နည်းစနစ်များကိုလည်းကောင်းပို့ချသည်။ **(ခရိုင် ပြန်/ဆက်)**

6-6 (12).pmd 1 6/6/2010, 2:22 AM

လက်ထပ်ပြီးစီးခြင်း

မုဒုံမြို့၊ ကွမ်တာစံပြကျေးရွာနေ
ဦးခိုင်ရွှေ-ဒေါ်သန်းရီတို့၏ တစ်ဦးတည်းသောသား

မောင်အောင်ခိုင်လင်း

B.E (Mechanical)
Project Engineer/ Manager (Engineering)
Mark Grow Engineering Pte., Ltd. (Singapore)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဥယျာဉ်အိမ်ရာ၊ အောင်သပြေလမ်းနေ ဦးကြည်လွင် (မန်နေဂျာ၊ စား/ထွေ၊ ငြိမ်း)-ဒေါ်စောတင်အေး(အထွေထွေမန်နေဂျာ၊ Myanmar Mamee Double Decker Ltd.)တို့၏ တစ်ဦးတည်းသောသမီး

မမြမဥ္ဇူ

B.Com, B.Sc (Hons)in Applied Accounting
Oxford Brookes University (UK), CAT(UK),
DA(LCCI-UK) ACCA Final Part
Accountant
Voltas Limited (Singapore)

တို့သည် ၂၂-၄-၂၀၁၀ ရက်တွင် စင်ကာပူနိုင်ငံ Registrar of Marrages တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ခိုင်လင်း-မမြမဥ္ဇူ။

သစ်ထုတ်ရေး ကျွမ်းကျင်ဝန်ထမ်းများ အလိုရှိသည်

(ပြည်တွင်း၌သာ ခန့်ထားရန်)

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် သစ်ထုတ်ရေးလုပ်ငန်းများတွင် ခန့်ထားရန် အောက်ပါကျွမ်းကျင်ဝန်ထမ်းများ အလိုရှိပါသည်။

၁။ အထွေထွေမန်နေဂျာ(သစ်ထုတ်ရေး) ကျား (၁)ဦး
၂။ ဒုတိယ အထွေထွေမန်နေဂျာ(သစ်ထုတ်ရေး) ကျား (၂)ဦး
၃။ မန်နေဂျာ
(သစ်ထုတ်၊ သစ်ဆိပ်၊ ယာဉ်ယန္တရား၊ ဘဏ္ဍာရေး) ကျား/မ(၈)ဦး
၄။ လက်ထောက်မန်နေဂျာ (သစ်ထုတ်၊ သစ်ဆိပ်၊ ယာဉ်ယန္တရား၊ ဘဏ္ဍာရေး) ကျား/မ(၁၀)ဦး
၅။ တောထုတ်နှင့် ယာဉ်ယန္တရားဝန်ထမ်းများ (Other Ranks) ကျား(၂၁)ဦး

လျှောက်ထားသူများသည်

- အသက်(၅၀)အောက်၊ သစ်ထုတ်လုပ်ငန်း(Field) အတွေ့အကြုံ (၃)နှစ်အထက်ရှိသူ ဖြစ်ရမည်။
- နေရာဒေသမရွေး သွားလာနိုင်သူဖြစ်ရမည်။
- ကျန်းမာရေး ကောင်းမွန်ရမည်။
- သစ်ထုတ်လုပ်ငန်းများတွင် အတွေ့အကြုံရင့် ဝန်ထမ်းများကို ဦးစားပေးမည်။
- ၂၁-၆-၂၀၁၀ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

လျှောက်ထားသူအားလုံးသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း၊ ရဲစခန်းထောက်ခံချက်၊ ဓာတ်ပုံနှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။

လျှောက်ထားရန်

ဖုန်း(ရုံးချိန်အတွင်း)ရန်ကုန် - ၀၁-၅၅၈၂၆၆၊ ၅၅၈၂၃၃၊ ၅၅၈၂၈၇၊ ၅၅၈၃၆၉၊ ၅၅၈၆၇၂ (လိုင်းခွဲ-၁၃၁၊ ၁၅၄၊ ၁၂၉)
မန္တလေး - ၀၂-၂၄၂၄၇
Hand Phone - ၀၉-၅၁၇-၆၁၄၅၊ ၀၉-၅၄၀-၃၀၅၂၊၀၉-၅၀၂-၅၅၂၉
e-mail - corhr.recruit @ gmail.com
ဆက်သွယ်ရန်လိပ်စာ - အမှတ်(၂၂-A/B)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ချစ်မေမေအတွက် မွေးနေ့မင်္ဂလာဆုတောင်း

ချစ်မေမေ ဒေါ်မသောင်းတင်၏ ၆-၆-၂၀၁၀ရက်တွင် ကျရောက်သည့် (၆၃)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်များစွာတိုင် မေမေချစ်သော မိသားစုနှင့်အတူ ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားများကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်—

ချစ်သား-ထွန်းသိန်းအောင်(ခ)မောင်မောင်ချေ။

တိုက်ခန်း အမြန်ရောင်းမည်

ဆိတ်ငြိမ်ရပ်ကွက်၊ ကျောင်းနီး၊ ဈေးနီး၊ ပေ (၅၀×၆၀)၊ BM နှစ်ထပ် ရေ၊ မီး အပြည့်အစုံ၊ ပြင်ဆင်ပြီး၊ ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်။

(ညှိနှိုင်းဈေး)

ဖုန်း-၀၉-၅၀-၄၂၆၉၅။

အမည်ပြောင်း

ရန်ကုန်မြို့၊ အလက(၁)၊ကျောက်တံတား၊ Grade(8)မှ မခင်ခင်ချစ်အား မမြတ်သီဂီသူဟု လည်းကောင်း၊ Grade (7) မှ မနှင်းစံပယ်ကြည်အား မထက်နန္ဒာကျော်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

ဇွန် ၅ရက်က ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီးဝင်းနှင့် ဝန်ထမ်းအိမ်ရာများတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရေမြောင်းဆယ်ခြင်းနှင့်ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၃၅)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇွန် ၅

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပွဲကို ယနေ့နံနက် ၉ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် မြက်ခင်းတွင်းပတ်လည်၌ ကျင်းပသည်။ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်၊ အတွင်းရေးမှူး ဦးခင်မောင်လတ်တို့ဦးစီး၍ အမှုဆောင်အဖွဲ့ဝင်များ၊ ဟော်ကီအားကစားသမားများ၊ သစ်ပင်စိုက်ဝါသနာရှင်များ စုစုပေါင်းအင်အား ၁၅၀တို့ စုပေါင်းသစ်ပင်စိုက်ပျိုးကြရာ SMART Technical Services Co., Ltd. နှင့် Tong Tah Co., Ltd. တို့မှ ပံ့ပိုးကူညီပြီး စကၠူပန်းပင်နှင့် သရက်ပင်စုစုပေါင်း အပင် ၁၂၀စိုက်ပျိုးကြသည်။ **(ယာပုံ)**

စိုက်ပျိုး

ဆက်လက်၍ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ အလုပ်သမားဆေးရုံကြီး (ရန်ကုန်)ဝင်းအတွင်း၊ အရိပ်ရသစ်ပင်၊ ခရေ၊ ကံ့ကော်နှင့် ပန်းအလှပင်၊ စံပယ်၊ ကျောက်ခတ်၊ ပွင့်တူရွက်တူ အပင် ၂၀၀ကို စိုက်ပျိုးကြသည်။ (၁၂၃)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)နေ ဖခင် ဦးသာပွဲ-မိခင် ဒေါ်ကြင်ကြင်နှင့် မောင်ဦးလှမြတ်သူ (ကိုညို) တို့အား ရည်စူး၍ ကျန်ရစ်သူသားသမီး၊ မောင်နှမ၊မြေးတစ်စုတို့က ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့မိသားစု ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်

ဗန်းမော် ဇွန် ၅

ဗန်းမော်မြို့နယ်ရဲတပ်ဖွဲ့၏ ၂၀၁၀-၂၀၁၁ခုနှစ် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို မေ ၂၉ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့ရုံး ရဲသီဟခန်းမ၌ ကျင်းပသည်။

လက်ခံ

အခမ်းအနားတွင် ဒုတိယရဲမှူးကြီးစိုးလွင်မိုးက အမှာစကားပြောကြားပြီး ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၃၈၇၀၀၀နှင့် ကျပ်၁၅၀၀၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံများကို ဒုတိယရဲမှူးကြီး စိုးလွင်မိုးနှင့်ဇနီး၊ဒုတိယရဲမှူး သောင်းဖေနှင့်ဇနီး၊ ဗန်းမော်ရဲစခန်း ရဲအုပ်စိုးလွင်နှင့်ဇနီးတို့က ပေးအပ်ကြရာ ကျောင်းသားကျောင်းသူများက လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးဆိုင်းဘုတ်တင်ပွဲ မြဝတီ၌ ကျင်းပ

မြဝတီ ဇွန် ၅

မြဝတီမြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မေ၂၅ရက်က မြဝတီ အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြမြသီ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်ရှိန်နှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မိဘပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်၍ ကျောင်းအပ်နှံရေးနေ့ ဆိုင်းဘုတ်ကို စိုက်ထူကြသည်။ **(ဝဲပုံ)** (၁၀၁)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို တောင်ငူမြို့ လေးကျွန်းကန်တော်ကြီး သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁ရက်က ဟင်္သာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ကျေးရွာ ဖောင်ဆိပ်ဖြတ်တာ(၂) တည်ဆောက်ခြင်းလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ဖောင်ဆိပ်ဖြတ်တာ(၂) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၅ ❍

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၅-၆-၂၀၁၀

နေပြည်တော်(သပြေကုန်း)	၀ ဒသမ ၆၇ လက်မ
သံတောင်ကြီးမြို့	၇ ဒသမ ၅၁ လက်မ
ရွှေဘိုမြို့	၂ ဒသမ ၈၄ လက်မ
ကျောက်တော်မြို့	၂ ဒသမ ၂၄ လက်မ
မုံရွာမြို့	၁ ဒသမ ၆၉ လက်မ
ကျိုက္ခမီမြို့	၁ ဒသမ ၅၇ လက်မ
ရွှေကျင်မြို့	၁ ဒသမ ၄၆ လက်မ